# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် တပို့တွဲလဆန်း ၁၁ ရက်၊ စနေနေ့။ Saturday, 27 January 2018 ၉၁၈၂


**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်းမရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင်ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်း မပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)

## နိုင်ငံတော်သမ္မတ ဦးထင်ကျော် စင်ကာပူနိုင်ငံ၌ ကျန်းမာရေးစစ်ဆေးမှုခံယူပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့ညနေပိုင်းတွင် စင်ကာပူနိုင်ငံမှ နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။ နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးလိုက်ပါလျက် ကျန်းမာရေးစစ်ဆေးမှုခံယူရန် စင်ကာပူနိုင်ငံသို့ ဇန်နဝါရီ ၂၃ ရက်က သွားရောက်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ညနေ ၃ နာရီ ၄၅ မိနစ်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

## အိန္ဒိယသမ္မတနိုင်ငံ၏ (၆၉)နှစ်မြောက် အမျိုးသားနေ့အခမ်းအနား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်

နယူးဒေလီ ဇန်နဝါရီ ၂၆

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် နယူးဒေလီမြို့ရှိ သမ္မတအိမ်တော်အနီး Rajpath လမ်း၌ ကျင်းပသည့် အိန္ဒိယသမ္မတနိုင်ငံ၏ (၆၉)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်သည်။**

အဆိုပါအခမ်းအနားသို့ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရမ် နက်သ် ကိုဗင့်ဒ်နှင့်အတူ ဘရူနိုင်းဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ၊ အင်ဒိုနီးရှား သမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒို၊ ဖိလစ်ပိုင်သမ္မတ မစ္စတာ ရိုဒရီဂိုရိုဝါဒူတာတေး၊ စင်ကာပူ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊ ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာ ငုယင်ဇူယွမ်ဖတ်၊ ကမ္ဘောဒီးယားဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက် ဟွန်ဆန်၊ လာအိုဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆူလစ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယွတ်ချန်အိုချာ၊ မလေးရှားဝန်ကြီးချုပ် မစ္စတာ နာဂျစ်ရာဇတ်တို့ တက်ရောက်ကြသည်။

အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများကို အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ နာရင်ဒရာမိုဒီက ကြိုဆိုနှုတ်ဆက်သည်။

အခမ်းအနားတွင် အိန္ဒိယသမ္မတနိုင်ငံ၏ (၆၉)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်အဖြစ် အမြောက် ၂၁ ချက် ပစ်ဖောက်ဂုဏ်ပြုပြီး အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)ဂုဏ်ပြုတပ်ဖွဲ့များက အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရမ် နက်သ် ကိုဗင့်ဒ်အား ချီတက်အလေးပြုခြင်း၊ အိန္ဒိယပြည်သူများက ရိုးရာယဉ်ကျေးမှုသရုပ်ဖော်အလှယာဉ်များဖြင့် ဖျော်ဖြေချီတက်ခြင်းတို့ ဆောင်ရွက်ကြသည်။

**စာမျက်နှာ ၈ ကော်လံ ၅ သို့ ✻**





နယူးဒေလီမြို့၌ ကျင်းပသည့် အိန္ဒိယသမ္မတနိုင်ငံ၏ (၆၉)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်စဉ်။




# ကြေးမုံ

## လူသားအချင်းချင်း ဝတ္တရားမပျက်တာဝန်ကျေ

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သော အရေးကိစ္စတို့နှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဒေါက်တာကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီတို့ကို ဖွဲ့စည်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်မှာ တိုးတက်အောင်မြင်မှုများ အတိုင်းအတာတစ်ခုအထိ ရရှိနေပြီဖြစ်သည်။

ရခိုင်ပြည်နယ်အရေးမှာ ကမ္ဘာက အလေးထားအာရုံစိုက်သည့် အရေးတစ်ခုဖြစ်ခဲ့သလို မြန်မာနိုင်ငံအနေဖြင့်လည်း ကော်မရှင်များ၊ ကော်မတီများဖွဲ့စည်းပြီး ပိုမိုဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို တွေ့ရပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ဒေါက်တာကိုဖီအာနန်ကော်မရှင်၏ အကြံပြုချက်များတွင် တစ်ခုပါဝင်သည့် နေရပ်စွန့်ခွာတိမ်းရှောင်သူများအား နေရပ်သို့ ပြန်လည်ပို့ဆောင်ရေးနှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် စေ့စပ်ညှိနှိုင်းခဲ့ပြီး ပြန်လည်ပို့ဆောင်ရေးသဘောတူညီချက်ကို ယမန်နှစ် နိုဝင်ဘာလ ၂၃ ရက်က လက်မှတ်ရေးထိုးခဲ့သည်။

ထိုသို့ သဘောတူလက်မှတ်ရေးထိုးပြီးနောက် နေရပ်ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းစဉ် ကြီးကြပ်ဆောင်ရွက်ရေးနှင့် ရှေ့ဆက်လုပ်ဆောင်မည့် လက်တွေ့ကျသော အစီအစဉ်များပါဝင်သည့် လုပ်ဆောင်မှုများကိုပါ သဘောတူညီခဲ့ကြသည်။ ထို့အပြင် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်း၍ ထိုအဖွဲ့၏ ပထမဆုံးအစည်းအဝေးကို နေပြည်တော်၌ ဇန်နဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ပြုလုပ်ပြီး နှစ်နိုင်ငံသဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ နေရပ်စွန့်ခွာတိမ်းရှောင်သူများအား နေရပ်သို့ ပြန်လည်ပို့ဆောင်ရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူစာချုပ် ချုပ်ဆိုခဲ့သည်နှင့်အညီ စာချုပ်ချုပ်ဆိုပြီး နှစ်လအတွင်း လက်ခံရမည့်နေ့ဖြစ်သည့် ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ပြန်လည်လက်ခံနိုင်ရန် မြန်မာနိုင်ငံဘက်မှ ဆောင်ရွက်ဖွယ်ကိစ္စအရပ်ရပ်တို့ကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသဖြင့် အသင့်ဖြစ်နေသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံဘက်မှ အဆင်သင့်လက်ခံနိုင်ရန်အတွက် လက်ခံရေးစခန်းနှစ်ခုနှင့် ကြားစခန်းတစ်ခု တည်ဆောက်ထားပြီး ပြန်လာသူများ ယာယီနေထိုင်စားသောက်ရေး၊ စစ်ဆေးရေး စသည့် သတ်မှတ်ထားသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လွယ်ကူချောမွေ့စွာဖြင့် ဆောင်ရွက်ပေးနိုင်စေရန် သက်ဆိုင်ရာဌာနအသီးသီးမှ ဝန်ထမ်းများပါ အသင့်ဖြစ်နေသည်ကို တွေ့ရသည်။ ထို့အပြင် ပြန်လည်လက်ခံရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် နယ်မြေလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးအစီအမံများကိုပါ အပြည့်အဝ အသင့်ဆောင်ရွက်ထားသည်ကို တွေ့ရသည်။

သို့သော် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကမူ သတ်မှတ်သောရက်တွင် နေရပ်သို့ ပြန်လည်ပို့ဆောင်ရေးအတွက် အသင့်မဖြစ်သေးသည်ကို တွေ့ရပါသည်။ ၎င်းတို့အနေဖြင့် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် လိုအပ်နေသေးသည်ဟု ကြားသိရပါသည်။ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံအနေဖြင့် နေရပ်စွန့်ခွာတိမ်းရှောင်သူများ ပြန်လည်လက်ခံရေးအတွက် အသင့်ဖြစ်နေပြီဖြစ်၍ မြန်မာနိုင်ငံအဖို့ တာဝန်ကျေပါသည်။ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်အစိုးရတွင်သာမက ရခိုင်ပြည်နယ်ရှိ လူ့အဖွဲ့အစည်းနှစ်ရပ်လုံးအပြင် မြန်မာပြည်ရှိ နိုင်ငံသူ နိုင်ငံသားအားလုံး၊ ရခိုင်ပြည်နယ်အရေးကို စိတ်ဝင်စားသော ကမ္ဘာ့အဖွဲ့အစည်းများအားလုံးနှင့် သက်ဆိုင်နေပါသည်။

တစ်ဖက်နိုင်ငံအနေဖြင့် လုပ်ငန်းစဉ်အပေါ်တွင် လိုအပ်ချက်များ ရှိနေသေးသည်ကို နားလည်လက်ခံရမည်ဖြစ်သော်လည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ပြီး ပြေလည်မှုများ ဖြစ်ပေါ်လာမည်ကို မလိုလားသူများ၊ ဖိအားပေးလိုသူများ၊ မပြေလည်အောင်၊ ပိုမိုရှုပ်ထွေးအောင် ပြုလုပ်လိုသူများအား ကန့်ကွက်ရမည်သာဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ရခိုင်ပြည်နယ်အရေးကို အကြောင်းပြု၍ ဖိအားပေးအကြပ်ကိုင်မှုအမျိုးမျိုးကြားမှ မြန်မာနိုင်ငံအနေဖြင့် လူသားအချင်းချင်းအပေါ် နားလည်စာနာမှုရှိစွာဖြင့် တာဝန်ဝတ္တရားမပျက် လုပ်သင့်လုပ်ထိုက်သည့် အလုပ်များအား ကျေပွန်စွာထမ်းရွက်လျက်ရှိပါကြောင်း။ ။




## ကရင်စာပေယဉ်ကျေးမှု သင်တန်းဆင်းပွဲ ကျင်းပ

**ကျောက်ကြီး ဇန်နဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် ပဲခူးရပ်ကွက် အထက(ခွဲ)ကျောင်း၌ ယနေ့နံနက်ပိုင်းတွင် ကရင်စာပေသင်ကြားမှုသင်တန်းဆင်းပွဲကျင်းပခဲ့ရာ သင်တန်းတွင် တက်ရောက် ပညာသင်ကြားခဲ့သော သင်တန်းသား သင်တန်းသူ ၂၀ အနက်မှ ဆုရရှိသူများအား ပဲခူးရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ကရင်တိုင်းရင်းသားရေးရာကော်မတီ ဥက္ကဋ္ဌတို့က ဆုများအသီးသီး ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုသားကြီး(ကျောက်ကြီး)**

## ကျေးလက်လမ်းများ၏ ဒီဇိုင်းနှင့် စံနှုန်းသတ်မှတ်ချက်များ ပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၂၆**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ကျေးလက်လမ်းများ၏ ဒီဇိုင်းနှင့်စံနှုန်းသတ်မှတ်ချက်များ ပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီတွင် နေပြည်တော် Hotel Park Royal ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးကျော်လင်း တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးကျော်လင်းက ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေဖြင့် ကျေးလက်လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိ နိုင်ငံအတွင်း၌ ကျေးရွာပေါင်း ၆၃၈၈၉ ရွာတည်ရှိကာ လမ်းမိုင်အရှည် စုစုပေါင်း ၅၅၅၁၃ မိုင် ၅ ဖာလုံရှိပြီး အဆိုပါလမ်းများ အသုံးပြုနိုင်မှုမှာ ရာသီမရွေး အသုံးပြုနိုင်သည့် ကျေးရွာ ၅၀ ရာခိုင်နှုန်း၊ ခြောက်သွေ့ရာသီ၌ အသုံးပြုနိုင်သည့် ကျေးရွာ ၃၆ ရာခိုင်နှုန်းနှင့် လမ်းမရှိသေးသည့် ကျေးရွာ ၁၄ ရာခိုင်နှုန်းရှိရာ ကျေးလက်လမ်းများ ဖွံ့ဖြိုးရေးအတွက် မူဝါဒများ၊ မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များ ရေးဆွဲ၍ ဆောင်ရွက်လျက်ရှိပြီး မဟာဗျူဟာရေးဆွဲရာမှာ လုပ်ငန်းအကောင်အထည်ဖော်မှုကို သာမက လုပ်ငန်းအရည်အသွေး စစ်ဆေးခြင်း၊ သုံးသပ်ခြင်းနှင့် သုတေသနလုပ်ငန်းရပ်များ ထည့်သွင်းရေးဆွဲထားကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးက လက်ရှိဆောင်ရွက်ရာတွင် ကျေးလက်လမ်း သုတေသန ပထမငါးနှစ်စီမံကိန်း အစီအမံနှင့် လက်ရှိ ကျေးလက်လမ်းများ၏ ဒီဇိုင်းနှင့်စံနှုန်းများအပေါ် လေ့လာဆန်းစစ်ခြင်းများ ဆောင်ရွက်လျက် ကျေးလက်လမ်းနှင့် တံတား စံနှုန်းများနှင့် ယာဉ်သွား ယာဉ်လာ ပမာဏနည်းပါးသည့် ကျေးလက်လမ်း ပုံစံလက်စွဲစာအုပ်၊ လမ်းရေနုတ်မြောင်းများနှင့် ကုန်းစောင်းအကာအကွယ် စီမံဆောင်ရွက်ချက်များ၊ ကျေးလက် လမ်းများအတွက် Geometric ဆိုင်ရာပုံစံ လမ်းညွှန်ချက်များ၊ လမ်းမျက်နှာပြင် စမ်းသပ်မှုများ၊ လမ်းရွေးချယ်မှုနှင့် ဦးစားပေး အဆင့်သတ်မှတ်မှုများ၊ ကျေးလက်လမ်းကွန်ရက်အတွက် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေခြင်းနှင့် ကျေးလက်လမ်းများ ထိန်းသိမ်းခြင်းအတွက် အကောင်းဆုံး လေ့ကျင့်လုပ်ဆောင်မှု လုပ်ထုံးလုပ်နည်း လက်စွဲစသည့် သုတေသနလုပ်ငန်းစဉ်များ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတကာအဖွဲ့အစည်းများမှ နည်းပညာရှင်များ၊ ပညာရှင်များနှင့် စာတမ်းရှင်များက သက်ဆိုင်ရာခေါင်းစဉ်အလိုက် စာတမ်းများကို ဖတ်ကြား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ကျောက်ချောလမ်းဖွင့်ပွဲနှင့် လူထုစစ်ဆေးပွဲ ကျင်းပ

**မြောင် ဇန်နဝါရီ ၂၆။** ။ စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်းအရ ရွာတွင်းကျောက်ချောလမ်းဖွင့်ပွဲနှင့် လူထုစစ်ဆေးပွဲကို ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီခွဲက ချောင်းဇင်းကျေးရွာ၌ ကျင်းပကြောင်း သိရသည်။

အဆိုပါ ရွာတွင်းကျောက်ချောလမ်းမှာ လမ်းအရှည်ပေ ၇၀၀၊ လမ်းအကျယ် ၁၂ ပေနှင့် ထု ၁၀ လက်မရှိပြီး စီမံကိန်းပံ့ပိုးငွေကျပ် ၆၀၀၇၀၀၀နှင့် ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၅၅၁၅၀၀ တို့ အကုန်အကျခံ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်(ငါန်းဇွန်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၂၆**

ရန်ကုန်(ရွှေဈေး) ၉၅၀၅၀၀ - ၉၅၀၅၀၀ မန္တလေး(ရွှေဈေး) ၉၅၀၅၀၀ - ၉၅၀၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၂၅/၈၃၀ ကျပ်၊ | ၈၇၅/၈၉၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၄၀/၈၅၅ ကျပ်၊ | ၉၂၀/၉၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၀၅/၈၁၀ ကျပ်၊ | ၈၈၀/၈၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၄၅/၈၅၀ ကျပ်၊ | ၈၉၅/၉၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၉၅/၈၀၅ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၀၅/၈၁၅ကျပ်၊ အောက်တိန်း၉၂ တစ်လီတာ ၇၄၈/၇၆၀ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၄.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၅၄.၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၀.၉၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂.၄၁၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၃.၁၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၀၀၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၁၆.၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅.၁၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၇၁.၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၈.၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလွဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလွဲ့

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

# မြန်မာနိုင်ငံသည် အာဆီယံဒေသနှင့် အိန္ဒိယနိုင်ငံအား ကုန်းလမ်း ပေါင်းကူးတံတားသဖွယ် ဆက်စပ်ပေးလျက်ရှိသကဲ့သို့ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးကိုလည်း တိုးတက်လာစေမည်

## အာဆီယံ-အိန္ဒိယ ဆွေးနွေးဖက်ဆက်ဆံရေး (၂၅)နှစ်မြောက်အထိမ်းအမှတ် မျက်နှာစုံညီထိပ်သီးအစည်းအဝေးသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်

**နယူးဒေလီ ဇန်နဝါရီ ၂၆**
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယမန်နေ့ ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် Hotel Taj Diplomatic Enclave ၌ ကျင်းပသည့် အာဆီယံ-အိန္ဒိယ ဆွေးနွေးဖက်ဆက်ဆံရေး (၂၅)နှစ်မြောက် အထိမ်းအမှတ် မျက်နှာစုံညီထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများကို အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာနာရင်ဒရာမိုဒီက ကြိုဆိုနှုတ်ဆက်သည်။

မျက်နှာစုံညီအစည်းအဝေးတွင် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ နာရင်ဒရာမိုဒီ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီး အကဲများက အိန္ဒိယ-အာဆီယံ ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့် ရေးတို့နှင့်စပ်လျဉ်းပြီး ၎င်းတို့၏ သဘောထားအမြင်များကို ဆွေးနွေးပြောကြား ခဲ့ကြသည်။

ထိုသို့ ဆွေးနွေးပြောကြားရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အာဆီယံပြည်သူများနှင့် အိန္ဒိယပြည်သူများသည် ရှေးပဝေသဏီကာလကပင် နီးစပ်သော ဓလေ့ထုံးစံများဖြင့် ချည်နှောင်မှုများ ရှိခဲ့ကြောင်း၊ ယဉ်ကျေးမှုအရလည်း ဆက်စပ်တူညီမှုရှိကြကြောင်း၊ မိမိတို့၏ မြန်မာနိုင်ငံသည် သမိုင်းကြောင်းအရရော ယဉ်ကျေးမှုအရပါ အိန္ဒိယနိုင်ငံနှင့် အခိုင်မာဆုံး ဆက်ဆံမှုများရှိသည့် နိုင်ငံဖြစ်သည်ဟု မိမိပြောလိုပါကြောင်း၊ ကိုလိုနီစနစ်အုပ်ချုပ်မှုအောက်မှ လွတ်မြောက်ရန် မိမိတို့၏အတူတကွ ကြိုးပမ်းမှုများသည် မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား ခိုင်မာသည့် ဆက်ဆံရေးကို တည်ထောင်ပေးခဲ့ကြောင်း၊ မိမိတို့နိုင်ငံသည် ပထဝီအနေအထားအရ အိန္ဒိယနိုင်ငံမှ အရှေ့ဘက်သို့ ထွက်ပေါက်မုခ်ဦးအဖြစ် တည်ရှိနေပြီး အာဆီယံ ဒေသနှင့် အိန္ဒိယနိုင်ငံအား ကုန်းလမ်းပေါင်းကူးတံတားသဖွယ် ဆက်စပ် ပေးလျက်ရှိပါကြောင်း။

အာဆီယံ-အိန္ဒိယဆွေးနွေးဖက်ဆက်ဆံရေး (၂၅) နှစ်မြောက် နှစ်ပတ် လည်အခါသမယတွင် လွန်ခဲ့သည့် ၂၅ နှစ်တာကာလအတွင်း အာဆီယံနှင့် အိန္ဒိယအကြား ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးနှင့် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများအပေါ် မြန်မာ နိုင်ငံမှ အလေးထား တန်ဖိုးထားပါကြောင်း၊

**စာမျက်နှာ ၄ သို့✪**




**မျက်နှာစုံညီထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာနာရင်ဒရာမိုဒီက ကြိုဆိုနှုတ်ဆက်စဉ်။**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံ-အိန္ဒိယ ဆွေးနွေးဖက်ဆက်ဆံရေး (၂၅)နှစ်မြောက်အထိမ်းအမှတ် မျက်နှာစုံညီထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။**




**အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ နာရင်ဒရာမိုဒီ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ အာဆီယံအဖွဲ့ဝင် နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။**

✪ စာမျက်နှာ ၃ မှ

အနာဂတ်တွင် အာဆီယံ-အိန္ဒိယမဟာဗျူဟာမြောက် ဆွေးနွေးဖက်ဆက်ဆံရေးအား ထပ်မံတိုးမြှင့်ဆောင်ရွက်ရန်နှင့် လက်ရှိပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစွာ ဆောင်ရွက်သွားရန် အခွင့်အလမ်းများ လုံလောက်စွာရှိနေကြောင်း။

အိန္ဒိယနိုင်ငံ၏ အရှေ့နှင့်ထိတွေ့ဆက်ဆံသည့်မူဝါဒနှင့်အညီ အာဆီယံနှင့် ပိုမိုထိတွေ့ဆက်ဆံမှုများပြုလုပ်သွားရန် အိန္ဒိယနိုင်ငံ၏ စိတ်အားထက်သန်မှုများ တိုးပွားလာမှုအပေါ် ကျေနပ်အားရမိပါကြောင်း၊ အိန္ဒိယနိုင်ငံ၏ အဆိုပါနိုင်ငံခြားရေးမူဝါဒသည် အာဆီယံ၏ ပြင်ပနိုင်ငံများနှင့် ပိုမိုထိတွေ့ဆက်ဆံသည့်မူဝါဒနှင့် ပေါင်းစပ်လိုက်ပါက အာဆီယံနှင့် အိန္ဒိယအကြား ရှိရင်းစွဲဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်မြင့်မားလာစေမည်ဖြစ်ကြောင်း။

စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံသည် အာဆီယံ၏ သတ္တမမြောက်အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး နှစ်ဖက်ကုန်သွယ်မှုပမာဏသည် အာဆီယံကုန်သွယ်မှု အားလုံးပေါင်းပမာဏ၏ ၂ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း။

သို့ဖြစ်ရာ ဒေသဆိုင်ရာ အလုံးစုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) သဘောတူညီချက်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့အတွက် ဈေးကွက်အခွင့်အလမ်းများကို ကြီးမားစွာ လမ်းဖွင့်ပေးမည်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း။

ပင်လယ်ရေကြောင်း၊ လေကြောင်း၊ ကုန်းလမ်းနှင့် ဒစ်ဂျစ်တယ် ပေါင်းစည်းဆက်သွယ်မှုကို ပိုမိုတိုးမြှင့်ရန်အတွက် အမေရိကန်ဒေါ်လာ တစ်ဘီလီယံပမာဏရှိသော ချေးငွေဖြင့် အာဆီယံပေါင်းစည်းဆက်သွယ်မှုကို ထောက်ခံအားပေးခြင်းအတွက် အိန္ဒိယနိုင်ငံအပေါ် ကျေးဇူးတင်ရှိပါကြောင်း။

ပေါင်းစည်းဆက်သွယ်မှုသည် ကုန်သွယ်ရေးနှင့် ပြည်သူလူထုချင်းချိတ်ဆက်မှုများကို မြှင့်တင်ပေးရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်နေသည့်အားလျော်စွာ ပေါင်းစည်းဆက်သွယ်မှုနှင့် ပတ်သက်သော စီးပွားရေးအခြေခံအဆောက်အအုံဆိုင်ရာ စီမံချက်များဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် အထူးအလေးထားလျက်ရှိပါကြောင်း။

သို့ဖြစ်ရာ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းကို လာအို-ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံများအထိ တိုးချဲ့ဖောက်လုပ်ရေး အစီအစဉ်ကို ကြိုဆိုပါကြောင်း၊ အိန္ဒိယနှင့် အာဆီယံကို ဆက်သွယ်ပေးမည့် သုံးနိုင်ငံအဝေးပြေးလမ်းမလမ်းကြောင်းတွင်ပါဝင်သော မြန်မာနိုင်ငံအတွင်းရှိ လမ်းမကြီးများကို အဆင့်မြှင့်တင်ပြုပြင်ပေးခြင်းအတွက် အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အား ကျေးဇူးတင်ရှိပါကြောင်း။

နှစ်နိုင်ငံဆက်ဆံရေးအပိုင်းတွင် ဝန်ကြီးချုပ် နာရင်ဒရာမိုဒီ၏ ၂၀၁၇ ခုနှစ် စက်တင်ဘာလအတွင်း မြန်မာနိုင်ငံသို့ လာရောက်သည့်ခရီးစဉ်အပါအဝင် အဆင့်မြင့်ပုဂ္ဂိုလ်များ၏ အပြန်အလှန် လည်ပတ်မှုများနှင့်အတူ မြန်မာနှင့် အိန္ဒိယ အစဉ်အလာရှိသည့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှုသည် အရှိန်အဟုန်တိုးတက်လာပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ပိုမိုနီးကပ် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးကို ဦးတည်လာခဲ့ကြောင်း။

အိန္ဒိယနှင့် အရှေ့တောင်အာရှဒေသအတွင်း ချိတ်ဆက်နိုင်မည့် စီးပွားရေးအခြေခံအဆောက်အအုံဆိုင်ရာ အဓိကကျသော စီမံချက်များကို နှစ်နိုင်ငံအကြား စတင်လာနိုင်ခဲ့ပါကြောင်း၊ သီလဝါစီးပွားရေးဇုန်နှင့် ထားဝယ်နှင့် ကျောက်ဖြူ ရေနက်ဆိပ်ကမ်းစီမံကိန်းများသည် မိမိတို့၏ပေါင်းစည်းဆက်သွယ်မှုကို များစွာတိုးမြှင့်လာစေမည်ဖြစ်သကဲ့သို့ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးကိုလည်း တိုးတက်လာစေမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် စီးပွားရေးအခြေခံအဆောက်အအုံဆိုင်ရာ စီမံချက်များတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြရန် ဖိတ်ခေါ်ပါကြောင်း။

ထို့ပြင် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမ စီမံချက်၊ မြန်မာနိုင်ငံ၏ အနောက်မြောက်ပိုင်းနှင့် အိန္ဒိယနိုင်ငံ၏ အရှေ့မြောက်ပိုင်းတို့ကို ဆက်စပ်ပေးမည့် ကုလားတန် ဖြတ်သန်းပို့ဆောင်ရေးစီမံချက် ကဲ့သို့သော ပို့ဆောင်ရေးဆိုင်ရာစီမံချက်များသည် အိန္ဒိယနိုင်ငံမှ အရှေ့တောင်အာရှသို့ သွားရာ အဓိကလမ်းမကြီးဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း။

(၂၅)နှစ်မြောက် အခါသမယတွင် အတည်ပြုချမှတ်ခဲ့သော ဒေလီကြေညာချက်သည် ရှေ့လာမည့်အနာဂတ်ကာလတွင် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မျှဝေခံစားကြမည့် သာယာဝပြောမှုရှိရေးတို့အတွက် ရှေးရှုသော အာဆီယံ-အိန္ဒိယ မဟာဗျူဟာကျသော မိတ်ဖက်ဆက်ဆံရေးကို ပိုမိုခိုင်မြဲလာစေမည့် သမိုင်းဝင်စာရွက်စာတမ်းတစ်စောင်ဖြစ်လာမည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ အာဆီယံ-အိန္ဒိယဆက်ဆံရေးနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဆက်ဆံမှု တိုးတက်ရေးအတွက် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဟု သန္နိဋ္ဌာန်ပြုထားပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် Mumtaz Hall ၌ ခင်းကျင်းပြသထားသည့် အာဆီယံ-အိန္ဒိယ ပန်းချီပညာရှင်များ၏ ပန်းချီကားပြပွဲကို လှည့်လည်ကြည့်ရှုလေ့လာသည်။

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် Hotel Taj Diplomatic Enclave ၌ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်က အာဆီယံအဖွဲ့ဝင် နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲနှင့် ယဉ်ကျေးမှုဖျော်ဖြေပွဲသို့ တက်ရောက်သည်။

ညစာစားပွဲတွင် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**

# မြိတ်မြို့၌ ကလေးစာပေပွဲတော်ကို ဇန်နဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကျင်းပမည်

**မြိတ် ဇန်နဝါရီ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ဇန်နဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကျင်းပမည့် ကလေးစာပေပွဲတော်အတွက် ကြိုတင်ပြင်ဆင်ထားမှုများကို ယနေ့ညနေပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ကျင်းပမည့် မြိတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ညနေပိုင်းတွင် ရောက်ရှိကြပြီး ဖွင့်ပွဲအခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု၊ ပြခန်းများနှင့် ပြိုင်ပွဲများ၊ ဖျော်ဖြေမှုများကျင်းပရန် ပြင်ဆင်ထားရှိမှု၊ စတုဒိသာကျွေးမွေးရန် ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

မြိတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဇန်နဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကျင်းပမည့် ကလေးစာပေပွဲတော်တွင် ကဗျာရွတ်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကလေးစာပေမြှင့်တင်ရေးဆွေးနွေးပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲ၊ စကားပုံပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲများနှင့် အားကစားပြိုင်ပွဲများ၊ ကလေးငယ်များအတွက် ကျန်းမာရေးပညာပေးပြခန်း၊ ကရင်တိုင်းရင်းသားရိုးရာပြခန်း၊ ထားဝယ်လူမျိုးများ၏ ရိုးရာပြခန်းများ၊ ဆလုံလူမျိုးများ၏ ရိုးရာပြခန်းများအပြင် ကလေးများအတွက် စတုဒိသာကျွေးမွေးမည့် အစီအစဉ်များ ပါဝင်သည်။

ပြည်ထောင်စုဝန်ကြီးသည် နံနက်ပိုင်းက ထားဝယ်မြို့ ပြည်ထောင်စုရိပ်သာ၌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့အတွက် လှူဒါန်းသည့် Set Top Box ရုပ်မြင်သံကြားဖမ်းစက် အလုံး ၅၀ ကို ပေးအပ်လှူဒါန်းရာ တနင်္သာရီတိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်နှင့် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလုကာတို့က လက်ခံရယူသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ပဲဒက်ကျေးရွာရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးခဲ့ပြီး စက်ရုံမီးဘေးလုံခြုံရေးအတွက် ကြိုတင်ပြင်ဆင်ရန်များနှင့် မီးတားများ အမြန်ပြုလုပ်ရန် မှာကြားခဲ့သည်။

**သတင်းစဉ်**



**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ကျင်းပမည့် ကလေးစာပေပွဲတော် အခမ်းအနား ကြိုတင်ပြင်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။**

# မိုင်းပန်မြို့နယ် နားမွန်ကျေးရွာအုပ်စုရှိ ကျေးရွာလေးရွာအား ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၆**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်၏ **လွှတ်တော်ကိုယ်စားလှယ်ရုံးများကို မည်သည့်ကာလတွင် စတင်ဖွင့်လှစ်ပေးမည်၊ နေရာထိုင်ခင်းနှင့် ရုံးလုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်များအား လွှတ်တော်ရုံးမှ ကျခံဆောင်ရွက်ပေးရန် မည်သို့စီမံထားသည်ကိုသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လွှတ်တော်အခွင့်အရေးကော်မတီဝင် အောင်မြေသာစံ မဲဆန္ဒနယ်မှ ဒေါက်တာလှမိုးက လွှတ်တော်ကိုယ်စားလှယ်ရုံးများကို လွှတ်တော်မှ တာဝန်ယူဖွင့်လှစ်ပေးမည်ဆိုပါက မဲဆန္ဒနယ်ပေါင်း ၃၃၀ အတွက် နေရာရှာဖွေရခြင်း၊ အဆောက်အအုံ ဆောက်လုပ်ခြင်း၊ ရုံးလုပ်ငန်းအတွက် အသုံးအဆောင်များ ဖြည့်တင်းဆောင်ရွက်ရခြင်း၊ ရုံးဝန်ထမ်းများ ခန့်အပ်ခြင်းများကို တစ်ပြိုင်နက်တည်း ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် လုပ်ငန်းပမာဏကြီးမား၍ ဘဏ္ဍာငွေအမြောက်အမြား သုံးစွဲဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသိရှိသည့်အတိုင်း ဘဏ္ဍာငွေအခက်အခဲရှိလာနိုင်ပါကြောင်း၊ ထို့ကြောင့် လတ်တလောတွင် လွှတ်တော်ကိုယ်စားလှယ်ရုံးများကို လွှတ်တော်မှ တာဝန်ယူဖွင့်လှစ်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း၊ လွှတ်တော်ရုံးအတွက် နေရာထိုင်ခင်းနှင့် ရုံးလုပ်ငန်းကုန်ကျစရိတ်များကိုလည်း ကျခံဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားသည်။

မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၏ **မင်းဘူးမြို့ မန်းတာဘိုင်ဓာတ်အားပေးစက်ရုံတွင် နှစ်ကာလကြာမြင့်နေပြီဖြစ်သော OCB Feeder များအစား အရည်အသွေးပြည့်ဝကောင်းမွန်သော OCB Feeder အသစ်များလဲပေးရန်၊ မင်းဘူးမြို့နှင့်ထောက်ရှာပင် ရေနံမြေနှစ်လိုင်းတွဲမှ မင်းဘူးမြို့ကို သီးခြား 1 Feeder ထုတ်ပေးရန် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က မေးခွန်းပါ လျှပ်စစ်ဓာတ်အားသုံးစွဲမှု အဆင်ပြေစေရန်အတွက် ထောက်ရှာပင် ရေနံမြေဓာတ်အားလိုင်းနှင့် တွဲဖက်မထားဘဲ မင်းဘူးမြို့အား ၃၃ ကေဗွီ ဓာတ်အားလိုင်း သီးသန့်ဖီဒါ တည်ဆောက်၍ ဓာတ်အားပို့လွှတ်နိုင်ရန် မန်းသဘာဝဓာတ်ငွေ့သုံး စက်ရုံဝင်းအတွင်း၌ ၃၃ ကေဗွီ Outgoing Switch Bay အသစ်တစ်စုံနှင့် ၃၃ ကေဗွီ ဓာတ်အားလိုင်းအသစ် ၀ ဒသမ ၂ မိုင် တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် မန်းဓာတ်အားပေးစက်ရုံရှိ OCB Feeder များအား Gas Circuit Breaker များဖြင့် လဲလှယ်ခြင်းလုပ်ငန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အောက်တိုဘာလမှ စက်တင်ဘာလအထိ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတို့တွင် ထည့်သွင်းလျာထား တောင်းခံပေးသွင်းမည် ဖြစ်ပါကြောင်း ဖြေကြားသည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်

မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး၏ **မိုင်းပန်မြို့နယ် နားမွန်ကျေးရွာအုပ်စုရှိ လျှပ်စစ်မီးမရရှိသေးသော နောင်လွန်း၊ နောင်လေ၊ မိုက်ပုတ်၊ ဆန်ကွယ်နောင်ချိုကျေးရွာလေးရွာအား ၃၃ ကေဗွီ ဓာတ်အားလိုင်း သွယ်တန်းဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က မေးခွန်းပါ ကျေးရွာလေးရွာ ဓာတ်အားရရှိရေးအတွက် မိုင်းပန်-နောင်လေ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၃၃ မိုင် တည်ဆောက်ခြင်းနှင့် နောင်လေကျေးရွာတွင် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ အသစ်တစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းအား ဌာနအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ငါးနှစ်စီမံကိန်း၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတွင် ထည့်သွင်းလျာထားသွားမည် ဖြစ်ပါကြောင်း။

နောင်လေဓာတ်အားခွဲရုံ တည်ဆောက်ပြီးပါက မိုင်းပန်မြို့နယ် နားမွန်ကျေးရွာအုပ်စုရှိ နောင်လွန်း၊ နောင်လေ၊ မိုက်ပုတ်၊ ဆန်ကွယ်နောင်ချို စသည့် ကျေးရွာလေးရွာအား ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာများအား သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ဆက်လက် အကောင်အထည်ဖော်နိုင်ရန် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့အတူ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီး၊ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုနှင့် ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်းတို့၏ လွှတ်တော်ရေးရာနှင့် လျှပ်စစ်ကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် **ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက တင်သွင်းရာတွင် ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေကို ၁၉၉၆ ခုနှစ် ဇူလိုင်လ ၂၉ ရက်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် (၈/၁၉၉၆)ဖြင့် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယင်းဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အခြားသက်ဆိုင်သည့်ဌာန၊ အဖွဲ့အစည်းများဖြင့် အကြိမ်ကြိမ် ညှိနှိုင်းပြင်ဆင်ရေးဆွဲခဲ့ပါကြောင်း။

ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ (၈/၁၉၉၆)ကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)၏ ရည်ရွယ်ချက်များမှာ ရုပ်ရှင်ဥပဒေအဖြစ် အသစ်ပြန်လည်ပြဋ္ဌာန်းနိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းရေးဆွဲလျက်ရှိရာ အတည်ပြုပြဋ္ဌာန်းနိုင်ခြင်းမရှိသေးမီ တည်ဆဲဥပဒေဖြစ်သော ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ(၈/၁၉၉၆)သည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိခြင်း၊ နိုင်ငံတကာရုပ်ရှင်ဥပဒေများနှင့် ဆီလျော်မှုမရှိခြင်း၊ နိုင်ငံတကာတွင် ရုပ်ရှင်/ဗီဒီယိုဟူ၍ ခွဲခြားထားမှုမရှိခြင်း၊ မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန်လိုအပ်လာသည့် အခြေအနေများအရ ရုပ်ရှင်ဥပဒေအား အသစ်ရေးဆွဲအတည်ပြု ပြဋ္ဌာန်းနိုင်ခြင်း မရှိသေးမီ ဗီဒီယိုလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များကို ဥပဒေနှင့်အညီ ထိရောက်စွာဆောင်ရွက်နိုင်ရန် လိုအပ်ခြင်း၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ(၈/၁၉၉၆)ပါ ပြဋ္ဌာန်းချက်များမှ ပြစ်ဒဏ်များကို တိုးမြှင့်ရန်လိုအပ်ခြင်းတို့ ဖြစ်ပါကြောင်း လွှတ်တော်သို့ တင်သွင်းသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင်က ဖတ်ကြားတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ဇန်နဝါရီ ၂၉ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**မိမိဖြိုး**

# ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲလမ်းပိုင်းလုပ်ငန်းများ မိုးမကျမီ အပြီးဆောင်ရွက်ရန် ကုမ္ပဏီအား ညွှန်ကြားထား ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိပါက လုပ်ငန်းပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်သွားမည်

**နေပြည်တော် ဇန်နဝါရီ ၂၆**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့်ဖြေကြားခြင်း၊ ဥပဒေကြမ်းနှစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး၏ **ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ-ဒလ-တွံတေး-ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲ လမ်းပိုင်းကို B.O.T စနစ်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဇေကမ္ဘာကုမ္ပဏီတို့ ချုပ်ဆိုထားသော စာချုပ်ပါ အချက်အလက်များအတိုင်း ဆောင်ရွက်ထားမှု မရှိသည့်ကိစ္စ**နှင့် စပ်လျဉ်းသည့် မေးခွန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်သာယာ-ဒလ-တွံတေး-ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲလမ်း ၅၄ မိုင် ၇ ဖာလုံအား ဇေကမ္ဘာကုမ္ပဏီလီမိတက်သို့ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ B.O.T လုပ်ငန်းစနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုခဲ့ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ခွင့်ပြုမိန့်ရရှိ၍ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် ပဋိညာဉ်စာချုပ်ကို ချုပ်ဆိုခဲ့ပါကြောင်း၊ ဇေကမ္ဘာကုမ္ပဏီအနေဖြင့် ၂၀၁၃ ခုနှစ် လုပ်ငန်းစတင်ခဲ့သည့်အချိန်မှ ၂၀၁၅ ခုနှစ် B.O.T နှုန်းဖြင့် ကောက်ခံခြင်းမပြုမီအချိန်အထိ ပန်းလှိုင်ဂိတ်၊ ပျော်ဘွယ်လေးဂိတ်နှင့် ကံဘဲ့ဂိတ်တို့တွင် လေလံနှုန်းဖြင့် ကောက်ခံခဲ့ပြီး သတ်မှတ်လေလံတန်ဖိုးကို နိုင်ငံတော်သို့ ပေးသွင်းခဲ့ပါသဖြင့် နိုင်ငံတော်အနေဖြင့် နစ်နာမှုမရှိပါကြောင်း။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

ဇေကမ္ဘာကုမ္ပဏီမှ လှိုင်သာယာ-ဒလ-တွံတေး-ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲလမ်း ၅၄ မိုင် ၇ဖာလုံအနက် လှိုင်သာယာ-ဒလ-တွံတေးလမ်း ၁၁ မိုင် ၁ ဖာလုံ၊ တွံတေးမြို့ရှောင်လမ်း ၃ မိုင် ၆ ဖာလုံ၊ ကံဘဲ့-ပျော်ဘွယ်လေး-ဒလလမ်း ၉ မိုင်နှင့် တွံတေး-ကော့မှူး-ကွမ်းခြံကုန်းလမ်း ၁၇ မိုင် ၅ ဖာလုံ စုစုပေါင်း ၄၁ မိုင် ၄ ဖာလုံကို လုပ်ငန်းများဆောင်ရွက်ခဲ့ပါကြောင်း။

ဇေကမ္ဘာကုမ္ပဏီမှ ဆောင်ရွက်သော B.O.T လမ်းပိုင်း ၅၄ မိုင် ၇ ဖာလုံအနက် ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲလမ်းပိုင်း ၁၃ မိုင် ၃ ဖာလုံမှ လုပ်ငန်းများဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသေးပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ယင်းလမ်းအပိုင်းအား B.O.T နှုန်းဖြင့် လမ်းအသုံးပြုခ ကောက်ခံခွင့်ပြုထားခြင်း မရှိသေးပါကြောင်း၊ ကျန်ရှိနေသော လမ်းပိုင်း ၁၃ မိုင် ၃ ဖာလုံတွင် ကော့မှူး-ကွမ်းခြံကုန်းအပိုင်း ၅ မိုင် ၃ ဖာလုံအား ၂၄ ပေ အကျယ် AC ခင်းခြင်း၊ တံတားခုနစ်စင်းချဲ့ခြင်းနှင့် ကွမ်းခြံကုန်း-ဒေးဒရဲအပိုင်း ၈ မိုင်အား ၁၈ ပေ အကျယ် ကတ္တရာထပ်ပိုးလွှာတင်ခြင်း လုပ်ငန်းများကို ၂၀၁၈ ခုနှစ် မေလကုန် မိုးမကျမီ အပြီးဆောင်ရွက်ရန် ကုမ္ပဏီအား ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ ကုမ္ပဏီအနေဖြင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိပါက လုပ်ငန်းပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုမ္ပဏီ၏ ဆောင်ရွက်ချက်နှင့်ပတ်သက်၍ ပြည်သူများ မလိုလားမှုများရှိခဲ့ပါက ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကော့မှူး၊ ကွမ်းခြံကုန်းနှင့် ဒေးဒရဲမြို့တွင်ရှိသည့် ကိုယ်စားလှယ်ကြီးများနှင့်အတူ ပြည်သူများကျေနပ်သည့် လမ်းများဖြစ်သည်အထိ ဇေကမ္ဘာကုမ္ပဏီကို အတူတကွ ပူးပေါင်းကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်းနှင့် မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်းတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှင်းလင်းဖြေကြားသည်။

ထို့နောက် စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုးက ပုဒ်မ(၄)-က(၅)တွင် လေးဦးထက်မပိုသော အဖွဲ့ဝင်မူပိုင်ခွင့်နှင့် နည်းပညာရှင်များ ဆိုသည့်အစား မူပိုင်ခွင့်နှင့် နည်းပညာရှင် ငါးဦးအဖွဲ့ဝင်ဟုလည်းကောင်း၊ အပိုဒ်(၄)-က(၆)တွင် နှစ်ဦးထက်မပိုသော အဖွဲ့ဝင် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဆိုသည့်အစား အစိုးရမဟုတ်သော အဖွဲ့အစည်းမှ ကိုယ်စားလှယ်နှစ်ဦးဟုလည်းကောင်း၊ အပိုဒ်(၂)-ဆတွင် ယင်းတို့၏ သွင်ပြင်လက္ခဏာများနှင့် အလှအပအဆင်တန်ဆာဆိုသည့်နောက်တွင် သို့မဟုတ် အလှအပ ကုန်ပစ္စည်းဆိုသည်ကို ဖြည့်စွက်လိုပါကြောင်း၊ ပုဒ်မ(၆)-က(၃)တွင် ရှစ်ဦးထက်မပိုသော အဖွဲ့ဝင်မူပိုင်ခွင့် နည်းပညာဆိုင်ရာ ပညာရှင်များဆိုသည့်အစား မူပိုင်ခွင့် နည်းပညာဆိုင်ရာပညာရှင် ရှစ်ဦးဟု ပြင်ဆင်ဖြည့်စွက်လိုပါကြောင်း။

ပုဒ်မ(၆)-က(၄) တွင် ငါးဦးထက်မပိုသော အဖွဲ့ဝင် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဆိုသည့်အစား အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ငါးဦးဟုလည်းကောင်း၊ ပုဒ်မ(၁၉)-ဂ(၄)တွင် ယခင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက် ကုန်ဆုံးပြီးနောက် တစ်နှစ်အတွင်း ဖန်တီးခဲ့သည့် စက်မှုဒီဇိုင်းအပေါ် ယခင်အလုပ်ရှင်က ငွေကြေးနှင့် အထောက်အပံ့မပေးခြင်း စကားရပ်ကို အသစ်ဖြည့်စွက်လိုပါကြောင်း၊ ပုဒ်မ (၂၉)-ခတွင် အယူခံတင်သွင်းထားသည့် ကာလအတွင်း ပုဒ်မ(က)အရ လျှောက်ထားချက်နှင့် စပ်လျဉ်းသည့် အခွင့်အရေး **စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳**

# ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ ဟူသည်

မောင်စာဂ

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ ဟုဆိုရာတွင် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ ကို ရည်ညွှန်းခြင်းဖြစ်သည်။ ယင်းပုဒ်မကို လူသိများသည်။ အဘယ်ကြောင့်ပါနည်း။ ယင်းပုဒ်မက နိုင်ငံသားများအား မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်နှင့် ဆန္ဒသဘောထားများကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊ လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊ အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်နှင့် တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကို လည်းကောင်း၊ အခြားဘာသာသာသနာကို လည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာသာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထား၍ ဖြစ်သည်။

နိုင်ငံသားတိုင်းသည် ယင်းအခွင့်အရေးများကို မိမိသဘောဆန္ဒအတိုင်း လွတ်လွတ်လပ်လပ် သုံးစွဲဆောင်ရွက်ခွင့်ရှိသည်ဟု လူအချို့က ထင်နေမြင်နေ ပြောဆိုနေကြသည်။ ဤသို့ထင်မြင်ပြောဆိုနေသည့်အချက် မှန် မမှန် ဆင်ခြင်စောကြောမိသည်။ လေ့လာမိသမျှ အနှစ်ချုပ်မျှဝေပါရစေ။

**နိုင်ငံသားတို့၏အခွင့်အရေး**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁ (က)တွင် "နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ ခံစားခွင့်ရှိသည်"ဟု ပြဋ္ဌာန်းထားသည်။ အဆိုပါအခြေခံမူအရ နိုင်ငံသားများ၏ အခွင့်အရေးအချို့နှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၈)၊ ပုဒ်မ ၃၅၄ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် -

"နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာသုံးစွဲဆောင်ရွက်ခွင့်ရှိသည်-

(က) မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊

(ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊

(ဂ) အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်၊

(ဃ) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကို လည်းကောင်း၊ အခြားဘာသာသာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာသာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့်။"

**လွတ်လပ်စွာသုံးစွဲဆောင်ရွက်ခွင့်အတွက် သတ်မှတ်ချက်**

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ ပါ ပြဋ္ဌာန်းချက်၏ အဓိကမှတ်ယူရမည့်အချက်မှာ "နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင်" ဟူသော သတ်မှတ်ချက်ပင်ဖြစ်သည်။ ဤအချက်သည် အရေးကြီးသည်။ ယင်းသတ်မှတ်ချက်အရ နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်မှသာလျှင် ပုဒ်မခွဲ (က)(ခ) (ဂ)နှင့် (ဃ)ပါ အခွင့်အရေးများကို သုံးစွဲဆောင်ရွက်ခွင့်ရှိသည်။ ဆန့်ကျင်နေလျှင် ယင်းအခွင့်အရေးများကို သုံးစွဲဆောင်ရွက်ခွင့်မရှိပါ။

ဤသည်ကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၃၅၄ ခြေဆင်းတွင် အတိအလင်းဖော်ပြ၍ ပြဋ္ဌာန်းထားသည်။ သို့သော် ယင်းခြေဆင်းပါ ပြဋ္ဌာန်းထားချက်ကို အလေးဂရုပြုသတိမူကြခြင်း မရှိသည်ကို တွေ့ရသည်။ ပုဒ်မ ၃၅၄ ကိုပြောကြ၊ ဟောကြ၊ ဆွေးနွေးကြလျှင် ယင်းပုဒ်မ၏ ခြေဆင်းပါ ပြဋ္ဌာန်းချက်ကိုထည့်သွင်း၍ ပြောကြ၊ ဆွေးနွေးကြ၊ ဟောပြောကြခြင်းမရှိကြပါ။ ထိုခြေဆင်းပါ ပြဋ္ဌာန်းချက်ကို ချန်လှပ်ပြီး လွတ်လပ်စွာရေးသားပြောဆိုပိုင်ခွင့်ရှိသည်ဟူ၍သာ ထောက်ပြကြသည်။ ပုဒ်မခွဲ (က)(ခ)(ဂ)(ဃ) တို့အရ ပေးအပ်ထားသော အခွင့်အရေးများကို သုံးစွဲဆောင်ရွက်လိုလျှင် ပုဒ်မ ၃၅၄ ၏ ခြေဆင်းပါ ပြဋ္ဌာန်းချက်ဖြစ်သည့် နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်စေမှသာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်ကို အသိပေးလိုသည်။

ပုဒ်မခွဲ (ဃ) အတွက်ဆိုလျှင် ပုဒ်မ ၃၅၄ ၏ ခြေဆင်းပါ သတ်မှတ်ချက်အပြင် ယင်းပုဒ်မခွဲ ပြဋ္ဌာန်းချက်တွင်ပါရှိသည့် "တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကို လည်းကောင်း၊ အခြားဘာသာသာသနာကို လည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ"ဟူသည့် ထပ်ဆင့်သတ်မှတ်ချက်ရှိနေသည်ကို သတိမူကြရပါမည်။ ပုဒ်မခွဲ အားလုံးနှင့်ဆိုင်သည့်အချက်အပြင် အဆိုပါထပ်ဆင့်သတ်မှတ်ချက်နှင့်ပါ ညီညွတ်မှသာ ပုဒ်မခွဲ (ဃ) ပါ အခွင့်အရေးကို သုံးစွဲဆောင်ရွက်ခွင့်ရှိမည်ဖြစ်သည်။

ဤသို့ဆိုလျှင် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ဥပဒေများက မည်သို့ပြဋ္ဌာန်းထားသည်၊ မည်သည့် ဥပဒေများရှိသည်ကို သိရှိထားကြရန် လိုအပ်ပါသည်။ အကျဉ်းမျှဖော်ပြလိုသည်။

**သတိမူရမည့် ဥပဒေပြဋ္ဌာန်းချက်များ**

ဦးစွာရာဇသတ်ကြီးဥပဒေပါ ပြဋ္ဌာန်းချက်ကို ဖော်ပြရပါမည်။ ရာဇသတ်ကြီး ဥပဒေသည် ကိုလိုနီခေတ်က အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့အတွက် ပြဋ္ဌာန်းပေးခဲ့သော ဥပဒေဖြစ်သော်လည်း ယနေ့တိုင် အတည်ဖြစ်လျက်ရှိသည်။ အိန္ဒိယနှင့် မြန်မာနှစ်နိုင်ငံစလုံးသည် ယင်းဥပဒေကို ရုပ်သိမ်း၍ ဥပဒေအသစ်ပြဋ္ဌာန်းနိုင်ခဲ့ခြင်း မရှိပါ။ ယင်းရာဇသတ်ကြီးကိုပင် လိုအပ်သည့်အခါ ပြင်ဆင်ဖြည့်စွက်ခြင်းများပြုလုပ်လျက် ကျင့်သုံးဆောင်ရွက်နေဆဲဖြစ်သည်။ ဥပဒေတစ်ခုအတည်ဖြစ်နေလျှင် လိုက်နာကြရမည်သာဖြစ်သည်။

ရာဇသတ်ကြီး၏ အခန်း (၆)သည် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရကို ဆန့်ကျင်ကျူးလွန်သော ပြစ်မှုများအတွက် ပြဋ္ဌာန်းထားသည်။ အခန်း (၇)သည် ကြည်းတပ်၊ ရေတပ်၊ လေတပ်နှင့်ဆိုင်သော ပြစ်မှုများအတွက် ပြဋ္ဌာန်းထားသည်။ အခန်း (၈)သည် နိုင်ငံတော်ငြိမ်ဝပ်ရေးကို ပျက်စီးစေသော ပြစ်မှုများအတွက် ပြဋ္ဌာန်းထားသည်။ ယင်းအခန်း (၃) ခန်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် ပြဋ္ဌာန်းထားသည်။ အခန်း (၁၄) သည် ပြည်သူ့ကျန်းမာမှု၊ လုံခြုံမှု၊ သက်သာမှု၊ သိက္ခာစောင့်စည်းမှုနှင့် ကိုယ်ကျင့်တရားရှိမှုကို ထိခိုက်စေသော ပြစ်မှုများအတွက် ပြဋ္ဌာန်းထားသည်။ အခန်း (၁၅)သည် ဘာသာသာသနာဆိုင်ရာ ပြစ်မှုများအတွက် ပြဋ္ဌာန်းထားသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ ပါ ပြဋ္ဌာန်းချက်၏ အဓိကမှတ်ယူရမည့်အချက်မှာ "နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင်" ဟူသော သတ်မှတ်ချက်ပင်ဖြစ်သည်။ ဤအချက်သည် အရေးကြီးသည်။**

အထက်ဖော်ပြပါ ရာဇသတ်ကြီးကဲ့သို့ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ကိုယ်ကျင့်တရားအလို့ငှာ ခေတ်အဆက်ဆက်ပြဋ္ဌာန်းခဲ့ပြီး လက်ရှိကျင့်သုံးနေသော ဥပဒေအချို့ကို ကောက်နုတ်ဖော်ပြလိုသည်။ ဥပမာ - ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေ၊ ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ ၂၀၁၃ ခုနှစ် ဆက်သွယ်ရေးဥပဒေ၊ ၂၀၁၄ ခုနှစ် သတင်းမီဒီယာဥပဒေ၊ ၂၀၁၄ ခုနှစ် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ၂၀၁၄ ခုနှစ် အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ၂၀၁၅ ခုနှစ် ကိုးကွယ်ရာ ဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေ၊ ၂၀၁၅ ခုနှစ် တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေ စသည်ဖြင့် အထူးဥပဒေများကို ပြဋ္ဌာန်းကျင့်သုံးဆောင်ရွက်လျက်ရှိသည်။

**ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံမူတစ်ရပ်ဖြစ်သည့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်ရန် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ဥပဒေဟူသည် ဖြစ်ပေါ်လာရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ ၏ ပုဒ်မခွဲ (ခ)ပါ လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်တို့အတွက် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ကာလက ၂၀၁၁ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅ အဖြစ် ပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေတွင် ဖြည့်စွက်ပြင်ဆင်ရန် အချက်များရှိသဖြင့် ယခုဒုတိယအကြိမ် လွှတ်တော်ကာလတွင် ပြန်လည်စိစစ်ပြီး ယခင်၂၀၁၁ ခုနှစ် ဥပဒေကိုရုပ်သိမ်း၍ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ (၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၈) အဖြစ် ၄-၁၀-၂၀၁၆ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။

ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးဖြစ်သည့် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ကို သုံးစွဲဆောင်ရွက်ခွင့်ရရှိစေရန်နှင့် ယင်းတို့အား ဥပဒေအရ အကာအကွယ်ပေးရန်။

(ဂ) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း အခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်သူများကြောင့် အများပြည်သူအား အနှောင့်အယှက်ဖြစ်စေခြင်း၊ ဘေးအန္တရာယ်ဖြစ်စေခြင်း၊ ထိခိုက်နစ်နာစေခြင်းနှင့် အဟန့်အတားဖြစ်စေခြင်းတို့မှ ကာကွယ်ရန်။

ဤဥပဒေအရ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း အခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်လိုသော နိုင်ငံသားများ သို့မဟုတ် အဖွဲ့အစည်းများအနေဖြင့် မိမိသဘောထားဆန္ဒကို ဖော်ပြနိုင်ရေးအတွက် ပြုလုပ်လိုသည့် နေရာ၊ နေ့ရက်၊ အချိန်အပိုင်းအခြား၊ လူအင်အား၊ လှည့်လည်မည့်လမ်းကြောင်း၊ ဆန္ဒဖော်ထုတ်လိုသည့်အကြောင်းအရာ စသည့် သတ်မှတ်ချက်များအတိုင်း မြို့နယ်ရဲတပ်ဖွဲ့မှူးထံ စာဖြင့်အသိပေးတင်ပြရန်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့ထံ ဆက်လက်တင်ပြရန် ပြဋ္ဌာန်းထားသည်။

ယင်းဥပဒေတွင် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုသူများအနေဖြင့် စုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းပြုရာတွင် လက်နက်တစ်မျိုးမျိုးကိုင်ဆောင်ခြင်း၊ သူတစ်ဦးဦးအား ဘေးအန္တရာယ်ဖြစ်စေခြင်း သို့မဟုတ် အကြမ်းဖက်တိုက်ခိုက်ခြင်း၊ ပြည်သူပိုင်ပစ္စည်း၊ အများပိုင်ပစ္စည်းနှင့် ပုဂ္ဂလိကပိုင်ပစ္စည်းများကို ထိခိုက်ပျက်စီးစေခြင်းများ မပြုရန်နှင့် အောက်ပါစည်းကမ်းချက်များကို လိုက်နာရန် ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်-

(က) အများပြည်သူကို အနှောင့်အယှက်အဟန့်အတားဖြစ်စေခြင်း၊ စိတ်ပြိုငြင်စေခြင်း၊ အန္တရာယ်ဖြစ်စေခြင်း၊ ထိခိုက်နစ်နာစေခြင်း သို့မဟုတ် ဖိအားပေးဆွဲဆောင်ခြင်းဖြစ်နိုင်သည့် အပြောအဆို သို့မဟုတ် အပြုအမူကို မပြုလုပ်ရ။

(ခ) စုဝေးသည့်နေရာ သို့မဟုတ် စီတန်းလှည့်လည်သည့် လမ်းကြောင်းတစ်လျှောက်တွင် ပတ်ဝန်းကျင်ညစ်ညမ်းစေမည့် အပြုအမူများ မပြုလုပ်ရ။

(ဂ) ယာဉ်များနှင့် လမ်းသွားလမ်းလာများ၊ ပြည်သူများကို အနှောင့်အယှက်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် တမင်တားဆီးပိတ်ဆို့ခြင်းကို မပြုလုပ်ရ။

(ဃ) နိုင်ငံတော်နှင့် ပြည်ထောင်စုကိုဖြစ်စေ၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးကိုဖြစ်စေ၊ လူ့ဂုဏ်သိက္ခာနှင့် ကိုယ်ကျင့်တရားကိုဖြစ်စေ ထိခိုက်စေမည့်အပြောအဆိုနှင့် အပြုအမူများကို မပြုလုပ်ရ။

(င) မမှန်ကန်သောသတင်းများကိုဖြစ်စေ၊ မမှန်ကန်သောအချက်အလက်များကိုဖြစ်စေ ဟောပြောခြင်း မပြုလုပ်ရ။

(စ) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ ပြုရာတွင် အသိပေးတင်ပြထားသည့် အလံ၊ ပိုစတာနှင့် ဆိုင်းဘုတ်များမှအပ အခြားအလံ၊ ပိုစတာနှင့်ဆိုင်းဘုတ်များကို ကိုင်ဆောင်ခြင်း၊ ပြသခြင်းမပြုလုပ်ရ။

(ဆ) ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုရာတွင် လက်ကိုင်အသံချဲ့စက်မှအပ အခြားအသံချဲ့စက်များ အသုံးပြုခြင်းသော်လည်းကောင်း၊ အသိပေးတင်ပြထားသော ကြွေးကြော်သံများမှအပ အခြားကြွေးကြော်ခြင်းနှင့် အော်ဟစ်ခြင်းသော်လည်းကောင်း မပြုလုပ်ရ။

(ဇ) လူသားအချင်းချင်း မတူကွဲပြားမှုကြောင့် ခွဲခြားနှိမ့်ချခြင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းစေခြင်းတို့ကို ရည်ရွယ်သော အပြုအမူ၊ အပြောအဆိုတို့ကို မပြုလုပ်ရ။

(ဈ) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ ပြုလုပ်စေရန် မရိုးမဖြောင့်သောသဘောဖြင့် သူတစ်ဦးဦးအား ငွေကြေး သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာပေး၍ သွေးဆောင်ခြင်း မပြုလုပ်ရ။

(ည) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ ပြုရာတွင် သူတစ်ဦးဦးအား ပါဝင်စေရန် ခြိမ်းခြောက်ခြင်း၊ အတင်းအကျပ်ပြုခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာသုံးခြင်းတို့ မပြုလုပ်ရ။

(ဋ) ဤဥပဒေပါ စည်းကမ်းချက်များနှင့် တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများက ဒေသဆိုင်ရာလိုအပ်ချက်အရ ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းသဘောတူညီချက်များကို ဖောက်ဖျက်ခြင်းမပြုရ။

**စာမျက်နှာ ၇ သို့ »»»**

✻ စာမျက်နှာ ၅ မှ
ပြန်လည်ပေးအပ်ရန် တောင်းဆိုလာလျှင် မှတ်ပုံတင်အရာရှိက ဆိုင်းငံ့ထားရမည်ဆိုသည့် နေရာတွင် အယူခံတင်သွင်းခြင်းနှင့် နှစ်ဦးနှစ်ဖက်တရားစွဲဆို ရင်ဆိုင်သည့် ကာလအတွင်း ပုဒ်မ(က)အရ လျှောက်ထားချက်နှင့် စပ်လျဉ်းသည့် အခွင့်အရေး ပြန်လည်ပေးအပ်ရန် တောင်းဆိုလာလျှင် မှတ်ပုံတင်အရာရှိက ဆိုင်းငံ့ထားရမည်ဟု ဖြည့်စွက်လိုပါကြောင်း ဆွေးနွေးသည်။

အလားတူ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုးက ဆက်လက်ဆွေးနွေးသည်။

ယင်းနောက် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရာ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းက အခန်း(၁) ပုဒ်မ ၂(ည)တွင် ကုန်သည်များဖြင့် စုစည်းထားသော အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ်၏နောက်တွင် လူမှုစီးပွားအသင်းအဖွဲ့ သို့မဟုတ်ဟု ဖြည့်စွက်လိုပါကြောင်း၊ အခန်း(၁) ပုဒ်မ၂(တ)တွင် အခွင့်အရေးရရှိသူ ဆိုသည်မှာ၏နောက်တွင် နိုင်ငံတော်၏ထူးခြားထွက်ကုန်ဒေသရှိ ဌာနေတိုင်းရင်းသားများဆိုသည်ကို ဖြည့်စွက်လိုပါကြောင်း၊ အခန်း(၁၇) မူလပြဋ္ဌာန်းချက် ပုဒ်မ (၆၂)၊ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အရ ပုဒ်မ(၆၄)တွင် အပြည်ပြည်ဆိုင်ရာ အမှတ်တံဆိပ် မှတ်ပုံတင်စနစ် သဘောတူစာချုပ်သို့ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီးနောက် ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ အမှတ်တံဆိပ် မှတ်ပုံတင်ပေးရန် လျှောက်ထားလိုသူများသည် အပြည်ပြည်ဆိုင်ရာ မှတ်ပုံတင်စနစ်ကို ကျင့်သုံးလိုပါက သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည် ဆိုသည်နှင့်စပ်လျဉ်း၍ ယခုကဲ့သို့လျှောက်ထားမှသာ မူပိုင်ခွင့်တစ်ရပ်ရပ်ကို အကာအကွယ်ရရှိသည့် နိုင်ငံများက အကာအကွယ်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံတွင် မှတ်ပုံတင်မထားပါက အကာအကွယ်မရနိုင်ပါကြောင်း၊ နိုင်ငံခြားတိုင်းပြည်တွင် မှတ်ပုံတင်ထားခြင်းဖြင့် မိမိကုမ္ပဏီအနေဖြင့် အထူးသီးသန့်အခွင့်အရေး ခံစားနိုင်ပါကြောင်း၊ နိုင်ငံခြားမှ အခြားကုမ္ပဏီများထံသို့ မိမိ၏မူပိုင်ခွင့်ကို လိုင်စင်ချထားပေးနိုင်ပါက လုပ်ငန်းဖွံ့ဖြိုးလာကာ အခြားသူများနှင့် ပေါင်းစပ်ဈေးကွက်ချဲ့နိုင်ပါကြောင်း၊ ယင်းအခွင့်အလမ်းများအတွက် မိမိနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာတီထွင်မှု ပူးပေါင်းဆောင်ရွက်ရေး သဘောထားစာချုပ်အဖွဲ့ဝင်(ပီစီတီ) အဖွဲ့တွင် ဝင်ရောက်နိုင်ရန် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကမ္ဘာ့အသိဉာဏ်ပစ္စည်းအဖွဲ့ကြီး၏ ပီစီတီလျှောက်လွှာလက်ခံရုံးတွင် ဤဥပဒေ ပြဋ္ဌာန်းပြီးပါက အမြန်ဝင်ရောက်လျှောက်ထားရန် လိုအပ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

အလားတူ ကရင်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၇)မှ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုးနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုးတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ဇန်နဝါရီ ၂၉ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်းသိရသည်။

**အေးအေးသန့်၊မျိုးသူဟိန်း(သတင်းစဉ်)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဆွစ်ဇာလန်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ညွှန်ကြားရေးမှူးချုပ် သံအမတ်ကြီးနှင့် UN Women(Myanmar) မှ ပုဂ္ဂိုလ်တို့အား သီးခြားစီတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၆**
လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဆွစ်ဇာလန်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ညွှန်ကြားရေးမှူးချုပ် သံအမတ်ကြီး H.E. Mr. Manuel Sager နှင့် UN Women(Myanmar) မှ Ms. Jean D' Cunha တို့နှင့် ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ သီးခြားစီ တွေ့ဆုံသည်။

ဆွစ်ဇာလန်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ညွှန်ကြားရေးမှူးချုပ် သံအမတ်ကြီးနှင့်တွေ့ဆုံစဉ် အေဂျင်စီအနေဖြင့်အလုပ်အကိုင်နှင့် အသက်မွေးဝမ်းကျောင်းသင်တန်း၊ စိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာဖူလုံရေး၊ ကျန်းမာရေး၊ လူမှုရေးရာဝန်ဆောင်မှုများနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ပြည်သူများအားကာကွယ်ရေး စသည့်ကဏ္ဍလေးခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်ကိစ္စ၊ ရခိုင်ပြည်နယ်အတွက် လိုအပ်သည့်နေရာများတွင် ထောက်ပံ့မှုများ ပေးနိုင်ရေးကိစ္စ၊ နိုင်ငံသားစိစစ်ရေး၊ လွတ်လပ်စွာ လုပ်ကိုင်သွားလာခွင့်နှင့် ယာယီခိုလှုံရေးစခန်းများပိတ်သိမ်းရေး၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များဖြစ်သည့် ရပ်ရွာလူထုများနှင့် ဆွေးနွေးခြင်းကိစ္စ၊ UEHRD မှတစ်ဆင့် ကူညီထောက်ပံ့ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ UN Women(Myanmar) မှ Ms. Jean D' Cunha နှင့်တွေ့ဆုံစဉ် ဂျပန်အစိုးရ၏ ကူညီထောက်ပံ့မှုဖြင့် UN Women နှင့် UNDPတို့ပူးပေါင်းဆောင်ရွက်မည့် ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်မှုနှင့် အမျိုးသမီးများစွမ်းပကား မြှင့်တင်ရေးဆိုင်ရာ စီမံကိန်းဆိုင်ရာကိစ္စ၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကူညီထောက်ပံ့ရန် ကိစ္စရပ်များ၊ UN Women နှင့် ပူးပေါင်းဆောင်ရွက်မည့်စီမံကိန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒီအမှုနဲ့ ပတ်သက်လို့ အစိုးရအပေါ်မှာ ဖိအားပေးမှုမလုပ်ဖို့ အားလုံးကို ကျွန်တော်မေတ္တာရပ်ခံလိုပါတယ် ဘာဖြစ်လို့လဲဆိုတော့ ဖိအားပေးမှုတွေဟာ တစ်ခါတစ်ခါ ပြောင်းပြန်ဆိုးကျိုးတွေ ဖြစ်ပေါ်တတ်ပါတယ်

**နေပြည်တော် ဇန်နဝါရီ ၂၆**
ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးကော်မတီ၏ အကြံပေးအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ Governor Bill Richardson နုတ်ထွက်သွားခဲ့မှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်တစ်ရပ်ကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက ဇန်နဝါရီ ၂၅ ရက်တွင် ထုတ်ပြန်ခဲ့သည်။

Governor Bill Richardson နုတ်ထွက်သွားမှုနှင့် ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းအား သတင်းထောက်များက သဘောထားမေးမြန်းခဲ့ရာ ဒုတိယဝန်ကြီးက "Mr. Bill Richardson က သူပါဝင်ခဲ့တဲ့ အကြံပေးအဖွဲ့ကို အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်ပြင်ပက ကိစ္စတစ်ခုကို လျှို့ဝှက်ယူလာခဲ့တာကို ကျွန်တော် စိတ်မကောင်း ဖြစ်မိပါတယ်၊ တကယ်တမ်းပြောရရင် ကျွန်တော်နားလည်ထားသလောက် တရားရုံးတော်က ကြားနာစစ်ဆေးနေတဲ့ ဒီလိုအမှုကိစ္စမျိုးကို ကိုင်တွယ်ဖို့ အခွင့်အာဏာဟာ နိုင်ငံတော်သမ္မတကြီးတစ်ဦးတည်းမှာပဲ ရှိပါတယ်၊ အခြားသူတွေအတွက်ကတော့ တရားရုံးကို မထီမဲ့မြင်ပြုမှုမျိုး သက်ရောက်သွားနိုင်ပါတယ်၊ ဒီအမှုနဲ့ ပတ်သက်လို့ မည်သူတစ်ဦးတစ်ယောက်ကမှ မိမိရဲ့ ထင်ပေါ်ကျော်ကြားမှု စတဲ့ ကိုယ်ကျိုးအတွက် အသုံးမချသင့်ပါဘူး" ဟု ဖြေကြားသည်။


ဒုတိယဝန်ကြီး ဦးအောင်လှထွန်း

"ဒီအမှုနဲ့ ပတ်သက်လို့ အစိုးရအပေါ်မှာ ဖိအားပေးမှုမလုပ်ဖို့ အားလုံးကို ကျွန်တော်မေတ္တာရပ်ခံလိုပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဖိအားပေးမှုတွေဟာ တစ်ခါတစ်ခါ ပြောင်းပြန်ဆိုးကျိုးတွေ ဖြစ်ပေါ်တတ်ပါတယ်"ဟု ဒုတိယဝန်ကြီးက ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တစ်ကိုယ်တော်စက်ဘီးစီးသမား နာဂဒေသ နန်းယွန်းမြို့သို့ရောက်ရှိ

**နန်းယွန်း ဇန်နဝါရီ ၂၆**
တစ်ကိုယ်တော်စက်ဘီးစီးသမား ဦးအေးကြူသည် ဇန်နဝါရီ ၂၅ ရက်က နာဂဒေသကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ဦးအေးကြူ အသက် (၆၉) နှစ်သည် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်မှ မုံရွာ-ကလေး-မော်လိုက်-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးမြို့သို့လည်းကောင်း၊ ခန္တီးမြို့-လဟယ်-ဒုံဟီးမြို့မှတစ်ဆင့် နန်းယွန်းမြို့သို့ ရောက်ရှိခဲ့သည်။ ၎င်းသည် နာဂရိုးရာယဉ်ကျေးမှုနှင့် နှစ်စဉ်ကျင်းပလျက်ရှိသော နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို စိတ်ဝင်တစား လာရောက်လေ့လာခြင်းဖြစ်ကြောင်း သိရသည်။

**ချန်လော(ခန္တီး)**

»»» စာမျက်နှာ ၆ မှ
ယင်းသို့ ဥပဒေနှင့်အညီ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ဆောင်ရွက်နေသူတို့အား နှောင့်ယှက်ခြင်း၊ စိတ်ငြိုငြင်စေခြင်း၊ လက်ရောက်ကျူးလွန်ခြင်း၊ အနိုင်အထက်ပြုခြင်း သို့မဟုတ် ဟန့်တားခြင်း မပြုနိုင်စေရန်နှင့် ဘေးအန္တရာယ်မဖြစ်စေရန် ရဲတပ်ဖွဲ့က လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများကိုဆောင်ရွက်ရန် ပြဋ္ဌာန်းထားသည်။ ထို့အပြင် သတ်မှတ်သည့် စည်းကမ်းချက်များကို လိုက်နာခြင်းမရှိပါက မည်သို့အရေးယူဆောင်ရွက်ရမည်ကိုလည်း ပြဋ္ဌာန်းထားသည်။ အဆိုပါဥပဒေပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်းပြီး လူအများလေ့လာသိရှိထားကြပြီးဖြစ်၍ ဆောင်ရန်ရှောင်ရန်အချက်များကို သတိမူကြပြီးဖြစ်ပါမည်။

**နိုင်ငံသားတို့၏ အခွင့်အရေးကို ဥပဒေနှင့်အညီ သုံးစွဲနိုင်ရေး**

၂၀၀၈ ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှု အခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ကို ခံစားခွင့်ရှိသည်။ ထို့အတူ ပြည်သူတို့၏ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည်လည်း နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်။ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံ၍ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံးအေးချမ်းသာယာရေးတို့အတွက် ကြိုးပမ်းအားထုတ်ရန် တာဝန်ရှိသည်။

ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေတွင် အများပြည်သူတို့ သိရှိဆောင်ရွက်သင့်သည့်အချက်များကို အကျဉ်းချုပ်ရှင်းလင်းဖော်ပြခဲ့ပြီးဖြစ်သည်။ နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရား အကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများမှ အရေးကြီးသည့် ဥပဒေပြဋ္ဌာန်းချက်အချို့ကိုလည်း ပြည်သူများသိရှိလိုက်နာကျင့်သုံးနိုင်ရန် ဖော်ပြခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်အစိုးရအုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်နှင့် ပြည်သူအားလုံးသည် တည်ဆဲဥပဒေများ အားလုံးကို လေးစားလိုက်နာကြရမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်သူတို့က ရွေးချယ်တာဝန်ပေးအပ်သော ပြည်သူ့အစိုးရက ပြည်သူနှင့်အတူ ပြည်သူ့အားကိုယူ၍ ပြည်သူနှင့်နိုင်ငံတော်အကျိုးကို သယ်ပိုးဆောင်ရွက်လျက်ရှိရာတွင် ပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်သူ့ဆန္ဒအရ ပေါ်ပေါက်လာသည့် ပြည်သူ့အစိုးရသည် ပြည်သူများကိုမျက်နှာမူ၍ ပြည်သူ့အသံကို နားထောင်ရမည်။ ပြည်သူတို့၏ ဆန္ဒဖော်ထုတ်မှုများကို အလေးထားရမည်။ ပြည်သူတို့၏ အပြုသဘော ဝေဖန်ထောက်ပြ အကြံပြုမှုများကို ခံယူနိုင်ရမည်။ ပြည်သူတို့၏ ဥပဒေနှင့်အညီ ရသင့်ရထိုက်သောအခွင့်အရေးများနှင့် ပြည်သူတို့၏ အကျိုးစီးပွားကို အတတ်နိုင်ဆုံး ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်သည်။ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းပေါ်ပေါက်ရေး အစဉ်သတိပြုဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်သူတို့အနေဖြင့်လည်း မိမိတို့က ရွေးချယ်တင်မြှောက်လိုက်သည့် အစိုးရအပေါ် လေးစားတန်ဖိုးထားရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဦးဆောင်ဦးရွက်ပြုမှုနှင့်အတူ ပြဋ္ဌာန်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ကြရန်လိုသည်။ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဆိုသည့် အသိစိတ်ဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင် နိုင်ငံသားတိုင်း မိမိတို့၏အခွင့်အရေးကို ဥပဒေနှင့်အညီ လွတ်လပ်စွာ သုံးစွဲဆောင်ရွက်နိုင်ကြပါစေ။

နိုင်ငံတော်နှင့်ပြည်သူ၊ ပြည်သူနှင့်အစိုးရ တစ်စိတ်ဝမ်း တစ်လက်ညီ ပြည်ရေးကို ပြိုင်တူချီနိုင်ကြပါစေ။

ဥပဒေကို လေးစားလိုက်နာ၍ ကိုယ်စီတာဝန်များကို ဥပဒေနှင့်အညီ ကျေပွန်အောင် ဆောင်ရွက်နိုင်ကြပါစေ။ ။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ အိန္ဒိယဝန်ကြီးချုပ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ အိန္ဒိယသမ္မတအိမ်တော် Mughal ပန်းဥယျာဉ်၌ ကျင်းပသည့် “At Home” တွေ့ဆုံပွဲသို့ တက်ရောက်စဉ်။



**✻ ရှေ့ဖုံးမှ**

ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယဝန်ကြီးချုပ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ အိန္ဒိယသမ္မတအိမ်တော် Mughal ပန်းဥယျာဉ်၌ ကျင်းပသည့် “At Home” တွေ့ဆုံပွဲသို့ တက်ရောက်သည်။

**တွေ့ဆုံ**

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနေအိမ်သို့ သွားရောက်ပြီး မြန်မာသံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်နှင့် ဇနီး တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

**သတင်းစဉ်**

**အိန္ဒိယသမ္မတနိုင်ငံ၏ (၆၉)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားတွင် အိန္ဒိယပြည်သူများက ရိုးရာယဉ်ကျေးမှု သရုပ်ဖော်အလှယာဉ်များဖြင့် ဖျော်ဖြေချီတက်စဉ်။**

# မြန်မာအမျိုးသားလေကြောင်းလိုင်းမှ နိုင်ငံတကာခရီးစဉ်အဖြစ် ထိုင်းနိုင်ငံ ဖူးခက်မြို့သို့ တိုးချဲ့ပြေးဆွဲမည်

**ရန်ကုန် ဇန်နဝါရီ ၂၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ပဉ္စမမြောက် နိုင်ငံတကာ ခရီးစဉ်တစ်ခုအဖြစ် ထိုင်းနိုင်ငံ ဖူးခက်မြို့သို့ လာမည့် မတ် ၂၅ ရက်မှ စတင်ကာ တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းမှ သိရသည်။

အဆိုပါ ခရီးစဉ်သစ်ကို မတ် ၂၅ ရက်မှ စတင်ကာ တစ်ပတ်လျှင် နှစ်ကြိမ်(တနင်္ဂနွေနေ့နှင့် သောကြာနေ့)တို့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal 2 မှ စတင်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းခရီးစဉ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ညနေ ၅ နာရီ ၅၅ မိနစ်တွင် စတင်ထွက်ခွာမည်ဖြစ်ပြီး ထိုင်းနိုင်ငံ ဖူးခက်မြို့သို့ ည ၈ နာရီ ၁၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်ကာ ဖူးခက်မြို့မှ ဒေသစံတော်ချိန် ည ၉ နာရီ ၁၅ မိနစ်တွင် ပြန်လည်ထွက်ခွာလာမည်ဖြစ်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် ည ၁၀ နာရီ ၃၅ မိနစ်တွင် ပြန်လည်ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်-ဖူးခက်ခရီးစဉ်အတွက် အသွားအပြန်လေယာဉ်လက်မှတ်ခန့်မှန်းထားမှာ အမေရိကန်ဒေါ်လာ ၂၅၀ မှ စတင်ကောက်ခံသွားမည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းမှ သိရသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းသည် နိုင်ငံပိုင်လေကြောင်းလိုင်းဖြစ်ပြီး နိုင်ငံတကာခရီးစဉ်အဖြစ် ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ရန်ကုန်-စင်ကာပူခရီးစဉ်၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ရန်ကုန်-ဟောင်ကောင်ခရီးစဉ်၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် ရန်ကုန်-ဘန်ကောက်ခရီးစဉ်၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ရန်ကုန်-ချင်းမိုင် ခရီးစဉ်တို့သို့ ပြေးဆွဲခဲ့ပြီးဖြစ်ပြီး ယခုနှစ် မတ်လတွင် ရန်ကုန်-ဖူးခက်ခရီးစဉ်ကို ဆက်လက်ပြေးဆွဲသွားမည်ဖြစ်သည်။

နိုင်ငံပိုင် မြန်မာအမျိုးသားလေကြောင်းလိုင်းသည် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံလေကြောင်းသယ်ယူပို့ဆောင်ရေး(ပ. လ. သ. ဖ) Union of Burma Airways အမည်ဖြင့် စတင်တည်ထောင် ပြေးဆွဲခဲ့သည်။ စတင်ချိန် တွင် De Havilland Dove လေယာဉ်ဖြင့် ပြည်တွင်းရှိ လေဆိပ်ပေါင်း ၁၉ ခုသို့ ပျံသန်းနိုင်ခဲ့ပြီး ၁၉၅၀ ပြည့်နှစ်တွင် ဘန်ကောက်၊ ကိုလ်ကတ္တား၊ စစ်တကောင်းမြို့တို့သို့ ပျံသန်းမှု စတင်ခဲ့သည်ဟု သိရသည်။ ၁၉၉၃ ခုနှစ်တိုင်သည်အထိ စင်ကာပူ၊ ခတ္တမန္ဒူ၊ ဘန်ကောက်၊ ကိုလ်ကတ္တား၊ ဒါကာ၊ ဟောင်ကောင်နှင့် ဂျကာတာ မြို့တို့သို့ ပျံသန်းနိုင်ခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် မြန်မာ့လေကြောင်း Myanma Airways အမည်သို့ ပြောင်းလဲကာ မြို့ပေါင်း ၂၁ မြို့သို့ ပြေးဆွဲခဲ့သည်။ ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်တွင် ကော်ပိုရေးရှင်းသို့ ပြောင်းလဲကာ နိုင်ငံပိုင်လေကြောင်းလိုင်း မြန်မာအမျိုးသားလေကြောင်းလိုင်းအမည်ဖြင့် ပြည်တွင်းခရီးစဉ်များအပြင် နိုင်ငံတကာခရီးစဉ်များကို စတင်ပြန်လည်ပြေးဆွဲခဲ့ခြင်း ဖြစ်သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ပြီးခဲ့သည့် မိုးတွင်းကာလအတွင်း ခရီးသည် ခြောက်သိန်းနီးပါး သယ်ဆောင်နိုင်ခဲ့ပြီး ပွင့်လင်းရာသီနှင့် ဘဏ္ဍာနှစ်အကုန်တွင် ခရီးသည် ၁ ဒသမ ၅ သန်းသယ်ယူပို့ဆောင်နိုင်ရန် Myanmar National Airlines MNA အနေဖြင့် ရည်မှန်းထားကြောင်း သိရသည်။

**ဆုနှင်းလှဲ့**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင် ခွင့်ပြုထားပြီးဖြစ်သည့် နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရာဇသင်္ဂဟလမ်းနှင့် ‘စီ’လမ်းထောင့်၊ အမှတ်(၅)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**သည် ယင်းပါတီ၏ အလံကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီ၏အလံကို ကန့်ကွက်လိုကယခု ကြေညာသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ အလံပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

❖ **ကျောဖုံးမှ**

ကော်မတီဥက္ကဋ္ဌများဖြစ်သည့် နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လုပ်ငန်းကော်မတီခြောက်ခုမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### လုပ်ငန်းကြီးကြပ်မှု

အစည်းအဝေးတွင် ဒုတိယသမ္မတက အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂ ရက်၊ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၆)အရ ဒုတိယသမ္မတ(၁) ဦးဆောင်၍ အဖွဲ့ဝင် ၂၄ ဦးဖြင့် ဖွဲ့စည်းပြီး လုပ်ငန်းတာဝန် ၂၆ ရပ်ကို သတ်မှတ်ပေးခဲ့ပါကြောင်း၊ ဗဟိုကော်မတီ၏ ကြီးကြပ်မှုအောက်တွင် လုပ်ငန်းကော်မတီ ခြောက်ခုနှင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် လုပ်ငန်းကြီးကြပ်မှု ကော်မတီများကို ဖွဲ့စည်းထားပါကြောင်း။

### အဓိကစိန်ခေါ်မှု

ယနေ့ခေတ်တွင် ကမ္ဘာ့လူဦးရေ တိုးတက်လာသည်နှင့်အမျှ သဘာဝသယံဇာတ အရင်းအမြစ်များကို အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်း၊ စွန့်ပစ်ပစ္စည်းများကို စနစ်တကျ မစွန့်ပစ်ခြင်းနှင့် စက်ရုံ၊ အလုပ်ရုံများနှင့် ယာဉ်ယန္တရားများမှ အခိုးအငွေ့များ စွန့်ထုတ်ခြင်း စသည်တို့ကြောင့် ရေထု၊ မြေထုနှင့်လေထုတို့ ညစ်ညမ်းမှုများ ဖြစ်ပေါ်လာသဖြင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာအနှံ့အပြားတွင် သဘာဝပတ်ဝန်းကျင် ယိုယွင်းလာမှုနှင့် ရာသီဥတုပြောင်းလဲမှု စသည့် ပြဿနာများကို ကြုံတွေ့နေကြရပါကြောင်း၊ အဆိုပါကြုံတွေ့နေရသည့် ပြဿနာများသည် သက်ရှိလောက ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမှုလျှော့ချရေးတို့အတွက် အဓိကစိန်ခေါ်မှုများဖြစ်ပါကြောင်း။

### ခေတ်စနစ်နှင့်အညီ

အဆိုပါစိန်ခေါ်မှုများကို ကာကွယ်နိုင်ရေးအတွက် သဘာဝသယံဇာတ အရင်းအမြစ်များကို ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်းနှင့် စနစ်တကျ အကျိုးရှိစွာ အသုံးပြုခြင်း၊ စဉ်ဆက်မပြတ် အသုံးပြုနိုင်ရန် ဆောင်ရွက်ခြင်းနှင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ခြင်း စသည်တို့ကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့် စနစ်တကျ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သွားကြရမည့်အပြင် မြေအသုံးချမှု၊ လူနေအိမ်ရာချထားမှုနှင့် စွန့်ပစ်ပစ္စည်းများ စနစ်တကျ စွန့်ပစ်ရေးစသည့် စီမံခန့်ခွဲမှုများကိုလည်း ခေတ်စနစ်နှင့်အညီ ဆောင်ရွက်သွားစေလိုပါကြောင်း။

### အကောင်အထည်ဖော်

မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များကို ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပေါင်းစပ်ဆောင်ရွက်သွားနိုင်ရေးနှင့် နိုင်ငံတကာမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်သွားနိုင်ရေးတို့အတွက် ကော်မတီများအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ရင်းနှီးမြှုပ်နှံသူများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများအပါအဝင် အရပ်ဘက် လူမှုအဖွဲ့အစည်းများအားလုံးနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားစေလိုပါကြောင်း။

ယခုကျင်းပသည့် ဗဟိုကော်မတီ၏ ညှိနှိုင်းအစည်းအဝေးသည် ပဉ္စမအကြိမ်မြောက် အစည်းအဝေးဖြစ်ပြီး ယခင်ကျင်းပခဲ့သည့် အစည်းအဝေးများတွင် ဆုံးဖြတ်ချက် စုစုပေါင်း ၆၄ ချက်ရှိရာ ဆောင်ရွက်ပြီး ၄၄ ချက်နှင့် ဆောင်ရွက်ဆဲအချက် ၂၀ ရှိပါကြောင်း၊ ဆောင်ရွက်ဆဲ ကိစ္စများကိုလည်း မြန်မြန်ဆန်ဆန် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

### ဟန်ချက်ညီညီ

အစီရင်ခံတင်ပြမှုများအရ ပြန်ကြားရေး ဝန်ကြီးဌာနအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာ ပြန့်ပွားရေးတို့ကို တိုးတက်အောင်လုပ်ဆောင်နိုင်နေသည်ကို တွေ့ရှိရပါကြောင်း၊ ထို့အပြင် ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အထူးပြုဘာသာရပ်များကို တက္ကသိုလ်အဆင့်တွင် ဖွင့်လှစ်သင်ကြားပေးမည့်အပြင် အခြေခံပညာအဆင့်ကျောင်းသင်ခန်းစာများတွင်လည်း ထပ်မံဖြည့်စွက်ထည့်သွင်းရန် စီစဉ်နေသည်ကိုလည်း ကြားသိရပါကြောင်း၊ အလားတူ သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့်လည်း ဗဟိုကော်မတီမှ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဆွေးနွေးဆုံးဖြတ်ချက်များကို ကနဦးအဆင့်အနေဖြင့် ကဏ္ဍအလိုက် ထည့်သွင်းပေါင်းစပ်ဆောင်ရွက်နေသည်ကို တွေ့ရှိရသည့်အတွက် အဆိုပါကြိုးပမ်းမှုများကို အသိအမှတ်ပြု ကြိုဆိုပါကြောင်း၊ ယခုကဲ့သို့ ဝန်ကြီးဌာနအသီးသီးအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အောင်မြင်အောင် အကောင်အထည်ဖော်ရာတွင် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေရေးအတွက် ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း၊ ဆက်လက်ပြီး အရှိန်အဟုန်မြှင့်တင်၍ ပူးပေါင်းဆောင်ရွက်သွားကြစေလိုပါကြောင်း။

### ပေါင်းစပ်ညှိနှိုင်းမှု

ဗဟိုကော်မတီအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များကိုပြည်ထောင်စုအဆင့်၌သာမက နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအဆင့်အထိ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကြီးကြပ်မှုကော်မတီများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းမှုများကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့် အဓိကမဏ္ဍိုင်ကြီး (၃)ရပ်ကို ဟန်ချက်ညီညီ ဖွံ့ဖြိုးစေရန်နှင့် လက်ရှိပြောင်းလဲနေသည့် နိုင်ငံတကာပတ်ဝန်းကျင်ဆိုင်ရာ ဦးတည်မှုလားရာနှင့်အတူ မျက်မှောက်ကာလ ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရေးအတွက် ကဏ္ဍပေါင်းစုံကို လွှမ်းခြုံစေမည့် အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒနှင့် မဟာဗျူဟာမူဘောင် အပြီးသတ်စိစစ်ဆောင်ရွက်ပြီးသည့်မူကြမ်းကို အတည်ပြုနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြသွားရမည်ဖြစ်ပါကြောင်း။

### လုပ်ငန်းအစီအစဉ်

အလားတူ အပြီးသတ်ရေးဆွဲထားသည့် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်၊ အမျိုးသားအဆင့် အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာမူဘောင်၊ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ် စသည့် မူကြမ်းများကိုလည်း မကြာမီကာလအတွင်း ထုတ်ပြန်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြစေလိုပါကြောင်း။

အဆိုပါမူဝါဒနှင့် မဟာဗျူဟာများရေးဆွဲချမှတ်ရာတွင် ကဏ္ဍအလိုက် စီမံချက်ရေးဆွဲမှုအပိုင်းသည် အရေးကြီးသကဲ့သို့ ချမှတ်ထားပြီးဖြစ်သည့် မူဝါဒ၊ မဟာဗျူဟာမူဘောင်နှင့် လုပ်ငန်းအစီအစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက်လည်း အရေးကြီးသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ကြီးကြပ်မှုကော်မတီများအားလုံးအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုပါကြောင်း။

### ရင်းနှီးပွင့်လင်းစွာ

အမျိုးသားအဆင့်၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် လူမှုစီးပွားဖွံ့ဖြိုးရေး လုပ်ငန်းစီမံကိန်းများ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းပေါင်းစပ် ဆောင်ရွက်နိုင်ရေးအတွက် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများနှင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ကြီးကြပ်မှုကော်မတီများ၏ ပေါင်းစပ်ညှိနှိုင်းမှုများနှင့် ကြီးကြပ်ဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အမျိုးသားအဆင့် ဖွဲ့စည်းထားသည့် ကော်မတီများအကြား ထိရောက်သည့် ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းစဉ်များချမှတ်နိုင်ရန် ရင်းနှီးပွင့်လင်းစွာ ဝိုင်းဝန်းဆွေးနွေးသွားကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းသည် ကဏ္ဍအားလုံးနှင့် ဆက်စပ်နေသည့်အတွက် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာများ လေ့လာနိုင်ရေးတွင် ပညာရေးကဏ္ဍသည် အရေးကြီးသည့် ကဏ္ဍတစ်ရပ်ဖြစ်သည့်အတွက် အခြေခံပညာအဆင့်နှင့် အဆင့်မြင့်ပညာအဆင့်များတွင် သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုကို ထည့်သွင်းစဉ်းစားပြီး ရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိသည့် အလေ့အကျင့်များကို ပြည်ထောင်စုအဆင့်အပါအဝင် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအဆင့်များအထိ ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်သွားစေလိုပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးသည် အတူယှဉ်တွဲလျက်ရှိသည့်အတွက် ရေရှည်ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

### ရေရှည်စဉ်ဆက်မပြတ်

ထို့နောက် ဗဟိုကော်မတီဝင်များဖြစ်ကြသော ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ အမြဲတမ်းအတွင်းဝန်များ ဖြစ်ကြသည့် ဦးမြင့်သူ၊ ဦးမျိုးမြင့်မောင်၊ ဦးထွန်းအုံ၊ ဦးတင်မောင်ဦး၊ ဦးတိုးအောင်မြင့်နှင့် ဦးခင်မောင်ရီ၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသည့် ဒေါက်တာ ခင်မောင်လတ်၊ ဒေါက်တာ ကျော်မိုးဦး၊ ဒေါက်တာဒေါ်ဝါဝါမောင်၊ ဦးသိန်းဇော်၊ ဒေါက်တာဒေါ်အေးအေးစိန်နှင့် ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင်၊ လုပ်ငန်းကော်မတီခြောက်ရပ်မှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများဖြစ်ကြသည့် ဦးတင်ထွန်း၊ ဦးHလအောင်၊ ဦးတီရယ်၊ ဦးစောပြည်သာ၊ ဦးမန်းဟင်းဒါးလ်၊ ဦးကမ်ဇာမုံ၊ ဦးမြင့်မောင်၊ ဦးမြင့်ဇော်၊ ဦးမျိုးသစ်၊ ဒေါက်တာမင်းကြည်ဝင်း၊ ဦးကျော်လွင်၊ ဦးဟံထွန်း၊ ဒေါက်တာညီညီအောင်နှင့် ဦးအောင်ဇော်နိုင်၊ ဦးအောင်ခိုင်စိုးတို့က ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ချမှတ်ခဲ့ပြီး ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

◯ **ဘုတ်ပြင်းမြို့မှ**

စနစ်တကျ တိုးချဲ့မွေးမြူထုတ်လုပ်သွားရန်လိုကြောင်း၊ ပုလဲမွေးမြူထုတ်လုပ်သည့်စခန်းပတ်ဝန်းကျင်တွင် သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေသည့် လုပ်ငန်းများ လုပ်ကိုင်ခွင့်မရှိသည့်အတွက် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာ ရောက်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ပုလဲထုတ်လုပ်ရန် မုတ်ကောင်များ မွေးမြူထားရှိမှု၊ မုတ်ကောင်များ အစာကျွေးအခန်းနှင့် မုတ်ကောင်များအား ဝတ်ဆန်သွင်းနေမှုတို့ကို လိုက်လံကြည့်ရှုသည်။

ယင်းနောက် လန်ပိကျွန်းအဏ္ဏဝါ အမျိုးသားသဘာဝဥယျာဉ်ကို အမြန်ရေယာဉ်ပေါ်မှ ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတသည် ကော့သောင်းမြို့နယ် ဗိုလ်ချိုကျွန်း မကြုံဂလက် ဆလုံကျေးရွာသို့ ရောက်ရှိပြီး တင့်တင့်မြန်မာကုမ္ပဏီလီမိတက်မှ ဆောက်လုပ်လှူဒါန်းသည့် ဆလုံတိုင်းရင်းသားဘော်ဒါဆောင် ဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။

ဆက်လက်၍ ဘော်ဒါဆောင်ခန်းမ၌ ဆလုံတိုင်းရင်းသားကျေးရွာမှ ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး တိုင်းရင်းသား လူမျိုးစုများအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတအား ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးညိုအေးက တနင်္သာရီတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းကုမ္ပဏီများ အခြေအနေ၊ ဟိုတယ်နှင့်တည်းခိုခန်းများ တိုးတက်မှုအခြေအနေ၊ ဧည့်သည်များ ဝင်ထွက်မှုနှင့် ဝင်ငွေရရှိမှု၊ ထားဝယ်၊ မြိတ်နှင့် ကော့သောင်းခရိုင်တို့အတွင်းရှိ လည်ပတ်နိုင်သော ထင်ရှားသည့် နေရာများတည်ရှိမှု၊ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းများနှင့် ခရီးသွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက တနင်္သာရီတိုင်းဒေသကြီးသည် ရှည်လျားသည့် ကမ်းရိုးတန်းရှိပြီး ကျွန်းပေါင်း ၈၀၀ ကျော် တည်ရှိသည့်အတွက် ရေပေါ်ရေအောက် သဘာဝသယံဇာတ ရှုမျှော်ခင်းအလှအပများကို ခံစားနိုင်သဖြင့် ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားသည့် ဒေသဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာခြင်းဖြင့် နိုင်ငံခြားဝင်ငွေတိုးတက်ပြီး ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ဝန်ကြီးချုပ်တို့က ဆလုံတိုင်းရင်းသားများအတွက် အဝတ်အထည်၊ ဆန်နှင့် စားသောက်ကုန် ပစ္စည်းများကို ပေးအပ်ပြီး ဆလုံတိုင်းရင်းသူများ၏ ရိုးရာအကဖျော်ဖြေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် ခရင်းခွကျွန်းသို့ရောက်ရှိပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုသည်။ **သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဆလုံတိုင်းရင်းသားကျေးရွာမှ ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။

# အေးသာယာမြို့၌ ၅၅ ခုမြောက် မြဝတီဘဏ်ခွဲဖွင့်



**ညောင်ရွှေ ဇန်နဝါရီ ၂၆**
ပြည်သူလူထုအတွင်း ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ပေးနိုင်ရန်၊ အနီးပတ်ဝန်းကျင်ရှိ စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် လုံခြုံစိတ်ချမှုအပြည့်ရှိသည့် ဘဏ်ဝန်ဆောင်မှုဖြင့် ဒေသတွင်းငွေပေးချေမှုစနစ် လွယ်ကူလျင်မြန်စေရန်အတွက် ရည်ရွယ်၍ မြဝတီဘဏ်လီမိတက်(အေးသာယာ) ဘဏ်ခွဲ ဖွင့်ပွဲကို ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၃)ရပ်ကွက် နန်းထက်ဝေလမ်းရှိ အဆိုပါဘဏ်အဆောက်အအုံ၌ ကျင်းပရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမင်းထွန်းနှင့်တာဝန်ရှိသူများက ဘဏ်သစ်ကမ္ပည်းဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များပက်ဖျန်း၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အေးသာယာဘဏ်ခွဲတွင် အပ်ငွေများ၊ ခေါ်ယူအပ်ငွေများ၊ စာရင်းသေအပ်ငွေများ၊ တက္ကသိုလ်ပညာသင်ဆုဝန်ဆောင်မှုအပ်ငွေများ၊ ကတ်စာရင်းအပ်ငွေများ လက်ခံခြင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များကို လိုအပ်သော ငွေကြေးအရင်းအနှီးများအတွက် မရွှေ့ပြောင်းနိုင်သော မြေနှင့် အဆောက်အအုံများကို အာမခံအဖြစ် ယူဆ၍ တစ်နှစ်လျှင် အတိုးနှုန်း ၁၃ ရာခိုင်နှုန်းဖြင့် ချေးငွေများ ထုတ်ချေးခြင်း၊ မြဝတီဘဏ်ခွဲအသီးသီးနှင့် ချိတ်ဆက်ထားသည့် မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များသို့ အပြန်အလှန်ငွေလွှဲပို့နိုင်ခြင်းများ အပါအဝင် Modern Banking အနေဖြင့်လည်း Mobile Banking ဆိုင်ရာ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

"အခုဖွင့်လှစ်လိုက်တဲ့ ဘဏ်ခွဲကတော့ မြဝတီဘဏ်များရဲ့ ၅၅ ခုမြောက် ဘဏ်ခွဲဖြစ်ပါတယ်၊ အခုက Semi Online Core Banking စနစ်ကနေ နိုင်ငံတကာ Core Banking စနစ်ကို ပြောင်းလဲဖို့ ဆောင်ရွက်နေတဲ့အတွက် အကောင်အထည်ဖော် ဆောင်ရွက်ပြီးပြီဆိုရင် မြဝတီဘဏ်အနေနဲ့ Visa၊ Master တို့နဲ့ ချိတ်ဆက်ပြီး ATM ဝန်ဆောင်မှုတွေအပြင် Credit Card ဝန်ဆောင်မှု၊ အခြားဝန်ဆောင်မှုအသစ်တွေကိုလည်း ဆောင်ရွက်ပေးသွားဖို့ ရှိပါတယ်" ဟု မြဝတီဘဏ် အေးသာယာဘဏ်ခွဲမန်နေဂျာ ဒေါ်နန်းယဉ်ဝေလွင်က ပြောသည်။

**စိုင်းအယ်ဘဲ(ညောင်ရွှေ)**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်
အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော
ကလေးစာပေပွဲတော်
ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ
( မြိတ်မြို့ )
၂၀၁၈ခုနှစ် ဇန်နဝါရီလ (၂၇၊ ၂၈)ရက် ( စနေ ၊ တနင်္ဂနွေ )နေ့ နံနက် (၉)နာရီ မှ ညနေ (၄)နာရီအထိ
မည်သူမဆို လွတ်လပ်စွာ လာရောက် လေ့လာနိုင်ပါသည်။
အမှတ် (၈) အခြေခံပညာအထက်တန်းကျောင်း ၊ မြိတ်မြို့

# ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်ရေးပွဲတော် ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၆**
မိဘမဲ့နှင့် ဆင်းရဲနွမ်းပါးကလေးသူငယ်များ၏ပညာရေးနှင့် ကျန်းမာရေးကို ကူညီစောင့်ရှောက်ပေးရန် ရည်ရွယ်ဖွဲ့စည်းထားသည့် Youth Social Group(Ygn)မှ ဦးဆောင်၍ ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးပွဲတော်ကို မြောက်ဥက္ကလာပ အဝိုင်းအနီးရှိ ဥတ္တရသီရိပန်းခြံတွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးပွဲတော်ကို ဇန်နဝါရီ ၂၈ နံနက် ၈ နာရီမှ စတင်၍ ည ၇ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး ဟောပြောပွဲများ၊ အမကကျောင်းများမှ ကလေးသူငယ်များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ မျက်လှည့်ပွဲများ၊ သီဆိုဖျော်ဖြေမှုများ၊ တေးသရုပ်ဖော်များ၊ ကျပန်းစကားပြောများ၊ ဘင်ခရာပန်းဖွားအကတင်ဆက်မှုများနှင့် မြန်မာ့ရုပ်သေးဖျော်ဖြေတင်ဆက်မှုများဖြင့် တင်ဆက်သွားမည်ဖြစ်ကြောင်း Youth Social Group တာဝန်ခံ ကိုစိုင်းသူထံမှ သိရသည်။

အဆိုပါ ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးပွဲတော်တွင် ကလေးသူငယ်များအတွက် ပြခန်းများအနေဖြင့် အခန်း ၂၀ ထားရှိမည်ဖြစ်ပြီး သဲပန်းချီ၊ မျက်နှာခြယ်၊ ပုံပြင်ပြောခြင်းအနုပညာ၊ သင်ယူမှုပုံစံများ(ECCD)၊ Cartoons Display Room၊ Play dough (Cook and dye)၊ ကလေးသူငယ်အခွင့်အရေး၊ (၃၈)ဖြာမင်္ဂလာ စာအုပ်များ၊ ကာတွန်းများ၊ ရုပ်ပြောင်ကာတွန်း၊ ဉာဏ်စမ်းပဟေဠိများ၊ Games For Kids၊ Parents Cycle (ဆွေးနွေးခန်း) ECCD၊ Arts and Crafts၊ နည်းပညာမိတ်ဆက်၊ Food Center၊ သွားကျန်းမာရေး၊ ကျန်းမာရေးဗဟုသုတဆိုင်ရာ ပြခန်းတို့ကိုလည်း ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်ရေးပွဲတော်ကျင်းပရခြင်းသည် နိုင်ငံတော်အစိုးရဦးဆောင်ပြုလုပ်သည့် ကလေးသူငယ်ပွဲတော်များသို့ ရပ်ကွက်နေဆင်းရဲနွမ်းပါးသည့် အခြေခံလူတန်းစား မိသားစုဝင် ကလေးသူငယ်များ တက်ရောက်နိုင်မှု အားနည်းနေခြင်းကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ မြို့နယ်အလိုက် ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်ရေးပွဲတော်များကို လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပူးပေါင်းပြီး Youth Social Group (Ygn)မှ ကျင်းပရခြင်းဖြစ်ကြောင်း ကိုစိုင်းသူထံမှ သိရသည်။

ပညာရေးနယ်ပယ်မှ အသင်းသားအသင်းသူစုစုပေါင်း ၁၆၀ ကျော်ဖြင့် ဖွဲ့စည်းထားသော Youth Social Group (Ygn)သည် ၂၀၁၁ ခုနှစ် မေတွင် မိဘမဲ့နှင့် ဆင်းရဲနွမ်းပါးကလေးသူငယ်များ၏ပညာရေးနှင့် ကျန်းမာရေးကို ကူညီစောင့်ရှောက်ပေးရန် ဖွဲ့စည်းတည်ထောင်ခဲ့သည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် နွမ်းပါးသည့် စာသင်ကျောင်းများအပြင် သဘာဝဘေးများကိုလည်း တတ်အားသရွေ့ ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း အဆိုပါအဖွဲ့၏ ထုတ်ပြန်ချက်များအရ သိရသည်။

**ညွန့်ကိုကို**



**စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် မှတ်ထိကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအကြောင်းအရာများကို ဇန်နဝါရီလ တတိယပတ်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ရွာသူရွာသားများအား ရှင်းလင်းပြောကြားစဉ်။** စိုးစိုးလှိုင်(ပြန်/ဆက်)


## မောင်တောမြို့နယ်၌ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ





**နေပြည်တော် ဇန်နဝါရီ ၂၆**
မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်းပတ်ဝန်းကျင်ရှိ ရွာသာယာ(တိုင်းရင်းသား)ကျေးရွာတွင် နွားတစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ ကြိမ်ချောင်း(ရောနှော)ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ငါးခူရစခန်းပတ်ဝန်းကျင်ရှိ ငါးခူရ(ရောနှော)ကျေးရွာတွင် ဆိတ်တစ်ကောင်တို့အား ကာကွယ်ကုသဆောင်ရွက်ပေးပြီး စုစုပေါင်းစခန်းသုံးခု ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားတစ်ကောင်နှင့် ဆိတ်နှစ်ကောင်တို့အား ကာကွယ်ကုသ ဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခု ပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွားအကောင် ၄၀၀ နှင့် ဆိတ် ၇၆၈ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့







# အမျိုးသမီးတွေအနေနဲ့ အကြမ်းဖက်ခံရတဲ့ဖြစ်စဉ်တွေ မကြာခဏဆိုသလို ကြားနေရတယ်၊ ဒါတွေကိုထိန်းချုပ်ဖို့လိုသလို ကျူးလွန်တဲ့သူတွေကိုလည်း တရားဥပဒေအရ ထိထိရောက်ရောက် အပြစ်ပေးဖို့လိုပါတယ်

ဒေါ်မြထွေးနု

**ယနေ့ကမ္ဘာသည် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသည့် ဗြဟ္မစိုရ်တရားများ၊ အရှက်၊ အကြောက်တည်းဟူသော လောကပါလတရားများ နည်းပါးလာသည်နှင့်အမျှ ပူလောင်ဆူပွက်လျက်ရှိသည်။ တစ်ချိန်က ရိုးသားလှသည့် မြန်မာခလေ့ လူမှုဘဝအပေါ်သို့လည်း သက်ရောက်မှုများရှိလာကာ လူအချင်းချင်းကြားတွင် လှည့်ပတ်ခြင်း၊ ဆင်းရဲလိုခြင်း စသည့် စေတနာဆိုးများကလည်း အားကြီးလာသည်။ အထူးသဖြင့် မြန်မာအမျိုးသမီးတို့၏ နိစ္စဓူဝ လူမှုဘဝအပေါ်သို့လည်း လတ်တလော ရိုက်ခတ်မှုများဖြစ်ပေါ်လာသည်။ သို့ဖြင့် မြန်မာ့သတင်းစဉ်က ရန်ကုန်မြို့နေ အမျိုးသမီးအချို့၏ သဘောထားအမြင်များကို ကောက်နုတ်စုစည်း ဖော်ပြလိုက်ရပါသည်-**


ဒေါ်ဆွေဆွေငြိမ်း


ဒေါ်ခင်လေးဆွေ


ဒေါ်စုစုနိုင်


ဒေါ်မြထွေးနု


ဒေါ်မေသန်းဦး

**ဒေါ်ဆွေဆွေငြိမ်း(မရမ်းကုန်းမြို့နယ်၊ အမှတ်(၁) ရပ်ကွက်)**

လတ်တလော မှုခင်းဖြစ်စဉ်တွေအရဆိုရင် အမျိုးသမီးလေးတွေ အသတ်ခံရတာတွေ ကြားနေရတယ်။ ဒီလိုဖြစ်စဉ်တွေကြောင့် အမျိုးသမီးတွေအတွက် မလုံခြုံတော့သလို ခံစားလာရတယ်။ အမျိုးသမီးတွေအနေနဲ့ မဖြစ်မနေ ညဘက်သွားလာရတဲ့အခါမျိုးမှာ Taxi စီးရင်တောင် အသိမိတ်ဆွေတွေရဲ့ကားကိုပဲ ရွေးစီးဖို့လိုတယ်။ မဖြစ်မနေ တွေ့ရာကား ငှားစီးမယ်ဆိုရင်တောင် အထူးသတိထားပြီး စီးဖို့လိုပါတယ်။ ဒါတွေဟာ ကိုယ့်သားသမီးတွေအတွက်လည်းစိတ်မချရပါဘူး။ အမျိုးသမီးတွေ အားလုံးလည်း သတိထားပြီးနေဖို့ လိုပါတယ်။ မဖြစ်မနေသွားရမယ်ဆိုရင် အဖော်တစ်ဦးလောက်ခေါ်သွားဖို့လိုပါလိမ့်မယ်။ အဲလိုမှမဟုတ်ရင် အိမ်မှာနေတဲ့ မိဘတွေအနေနဲ့ အမြဲတမ်းစိတ်ပူနေရမှာပါ။ အခုဆိုရင် ရန်ကုန်မှာ ပိုပြီးလူသတ်မှုတွေ ကြားလာရတယ်။ အသတ်ခံရတဲ့အထဲမှာလည်း အမျိုးသမီးတွေပါဝင်နေတာ တွေ့ရတယ်။ ဒါတွေကို သက်ဆိုင်ရာအဖွဲ့အစည်းတွေအနေနဲ့လည်း ကာကွယ်ပေးဖို့ လိုပါလိမ့်မယ်။ ကျူးလွန်တဲ့သူတွေကိုလည်း ပညာပေးအနေနဲ့ ပြစ်ဒဏ်တွေ ပြင်းပြင်းထန်ထန် ထိထိရောက်ရောက် ပေးသင့်ပါတယ်။

**ဒေါ်ခင်လေးဆွေ(မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ)**

အခုဆို အမျိုးသမီးတွေ တော်တော်များများ အကြမ်းဖက်ခံရတယ်။ တချို့ကျတော့ အကြမ်းဖက်ခံရရင်းနဲ့ အသက်ဆုံးရှုံးခဲ့ရတဲ့အဖြစ်တွေရှိတယ်။ တချို့ကျတော့လည်း ဝတ်ဆင်ထားတဲ့ တန်ဖိုးရှိပစ္စည်းတွေကြောင့် အသတ်ခံရတာတွေ ကြားသိနေရပါတယ်။ အခုခေတ်က နည်းပညာတိုးတက်လာတာနဲ့အမျှ အွန်လိုင်းကနေတစ်ဆင့် အပြင်မှာလူချင်းတွေ့ရင်းနဲ့ အသတ်ခံရတာမျိုးတွေရှိသလို ဘဝပျက်သွားတာတွေလည်း ရှိပါတယ်။ တချို့ကျတော့လည်း သွားရင်းလာရင်းနဲ့ အကြမ်းဖက်ခံရတာမျိုးတွေလည်း ကြားနေရပါတယ်။ ကျွန်မတို့ဆိုရင် အပြင်သွားဖို့လာဖို့တောင် မရဲတရဲဖြစ်လာတယ်။ လမ်းမှာ အခက်အခဲဖြစ်လို့ လူကောင်းတစ်ယောက်က ကိုယ့်ကိုစေတနာနဲ့ ကူညီမယ်ဆိုရင်တောင် မယုံကြည်ရဲတော့ဘူး။ အခြေအနေအရ လူဆိုးလား၊ လူကောင်းလားဆိုတာ မဝေခွဲတတ်တော့ဘူး။ ကျွန်မတို့ ငယ်ငယ်တုန်းကဆိုရင် ဒါမျိုးတွေ မရှိသလောက်ပါပဲ။ လက်ရှိဖြစ်ပျက်နေတဲ့ အခြေအနေမျိုးမှာတော့ အမျိုးသမီးတွေအနေနဲ့ ကိုယ်နဲ့မရင်းနှီးသူတွေကို မယုံဖို့လိုတယ်။ သူစိမ်းတွေက အကူအညီပေးတိုင်းလည်း မယူမိဖို့လိုတယ်။ သွားလာနေထိုင်မှုမျိုးမှာ အမြဲသတိနဲ့နေထိုင်သင့်ပါတယ်။

**ဒေါ်နန့်သဇင်မင်း(ရောင်စုံမိန်းကလေးများအဖွဲ့၊ ညှိနှိုင်းရေးမှူး)**

အမျိုးသမီးတွေကို အနိုင်ကျင့်ပြီး အသတ်ခံရတဲ့သတင်းတွေကြားနေရတယ်။ ဒီလိုဖြစ်စဉ်တွေအပေါ်မှာ ပြန်ကြည့်ရင် ရန်ကုန်မြို့ကြီးမှာ အမျိုးသမီးတွေတင်သာမကဘူး၊ အမျိုးသားတွေအတွက်လည်း လုံခြုံမှုမရှိတော့ဘူးဆိုတဲ့ အချက်တစ်ချက်ကို တွေ့ရှိရပါတယ်။ ဒီကိစ္စမှာ အမျိုးသမီးတွေဘက်ကနေထပ်ပြီး ဖြည့်စွက်ပြောရမယ်ဆိုရင်တော့ ကျွန်မတို့ရဲ့ ယဉ်ကျေးမှုအလေ့အထတွေက အမျိုးသမီးတွေအပေါ်မှာ တစ်ဆင့်နိမ့်တယ်ဆိုပြီး သတ်မှတ်ထားတာတွေ၊ မိန်းကလေးတွေက ဗိုင်းကောင်းကျောက်ဖိ အိမ်ထဲမှာနေရမယ်ဆိုတဲ့ အချက်တွေက မိန်းကလေးတွေအပေါ်မှာ ပိုပြီးတော့ အနိုင်ကျင့်လာစေနိုင်တယ်လို့ ယူဆလို့ရပါတယ်။ ကျူးလွန်သူတွေရဲ့ စိတ်ထဲမှာလည်း ငါဂရုစိုက်စရာမလိုဘူးလို့ ဖြစ်နေတဲ့သဘောကလည်း စဉ်းစားစရာတစ်ချက်ပါပဲ။ နောက်တစ်ချက်ကတော့ ဒီလိုခေတ်ကာလမှာ အမျိုးသား၊ အမျိုးသမီးတွေဟာ နေ့ဘက်၊ ညဘက်တွေမှာလည်း အလုပ်လုပ်နေကြတာတွေ ရှိပါတယ်။ စားဝတ်နေရေးအတွက် အလုပ်လုပ်နေကြရတယ်။ လုံခြုံမှုမရှိတော့ဘူးဆိုရင် နေ့စဉ် လှုပ်ရှားရုန်းကန်နေတဲ့ ပြည်သူတွေအနေနဲ့ ဘယ်လိုအသက်ရှင်နိုင်မလဲ။ ဒါကြောင့် ပြည်သူတွေအတွက် အန္တရာယ်မဖြစ်ခင်မှာ ကာကွယ်ပေးဖို့အတွက် အစိုးရမှာတာဝန်ရှိသလို လူတိုင်းမှာလည်း တာဝန်ရှိပါတယ်။

**ဒေါ်စုစုနိုင်(ကမာရွတ်မြို့နယ်)**

အခုနောက်ပိုင်း အမျိုးသမီးတွေ အသတ်ခံရတဲ့ဖြစ်စဉ်တွေ တော်တော်များများ ကြားနေရတယ်။ လက်ဝတ်လက်စားတွေလိုချင်လို့ သတ်တာရှိသလို ကာမကိစ္စကြောင့် အသတ်ခံရတာတွေကိုလည်း ကြားနေရတယ်။ ဒီအဖြစ်အပျက်တွေဟာ ကျွန်မတို့လို အမျိုးသမီးတွေအတွက်ကတော့ ထိတ်လန့်စရာပါပဲ။ မဖြစ်မနေ အကြောင်းကိစ္စရှိလို့ အပြင်ထွက်ရင်တောင် အဖော်ပါမှ ထွက်တယ်။ တချို့ အလုပ်သွားအလုပ်ပြန်နောက်ကျတဲ့ အမျိုးသမီးတွေအနေနဲ့လည်း နီးစပ်ရာ သူငယ်ချင်းတွေနဲ့ အတူ စုစုစည်းစည်း သွားလာနေထိုင်သင့်တယ်။ အကယ်၍ တစ်ယောက်တည်းဖြစ်နေရင်လည်း အတတ်နိုင်ဆုံး မိဘတွေနဲ့ အဆက်အသွယ်ရှိနေအောင် မကြာခဏ ကိုယ်ဘယ်ရောက်နေတယ်ဆိုတဲ့အကြောင်း ဖုန်းဆက်သင့်တယ်။ ဒါမှလည်းမသမာသူတွေရဲ့ အန္တရာယ်ကနေ ကင်းဝေးနိုင်မှာဖြစ်ပါတယ်။

**ဒေါ်မြထွေးနု(အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်)**

အခုတစ်လောကြားရတဲ့ သတင်းတွေက ကျွန်မတို့လို မိန်းမသားတွေအတွက် အချိန်မတော် အပြင်မထွက်ရဲလောက်အောင်ဖြစ်နေတယ်။ မဖြစ်မနေ အပြင်ထွက်ရမယ်ဆိုရင်တောင် ကိုယ့်ကိုယ်ကိုယ် လုံခြုံမှုမရှိသလို စိုးရိမ်နေရတယ်။ ကျွန်မတို့ဆိုရင် အလုပ်လုပ်ရတော့ သွားရေး၊ လာရေးမှာ အရင်ထက်ပိုပြီး သတိထားနေရတယ်။ ရှေ့သွားနေပေမယ့် နောက်ကြည့်နေရတယ်။ ဘယ်သူ့ကိုမှ မယုံရဲဘူး။ ဒီနှစ်ကတော့ အမျိုးသမီးတွေအနေနဲ့ အကြမ်းဖက်ခံရတဲ့ဖြစ်စဉ်တွေ မကြာခဏဆိုသလို ကြားနေရတယ်။ ဒါတွေကိုထိန်းချုပ်ဖို့လိုသလို ကျူးလွန်တဲ့သူတွေကိုလည်း တရားဥပဒေအရ ထိထိရောက်ရောက် အပြစ်ပေးဖို့ လိုပါတယ်။ အထူးသဖြင့် အမျိုးသမီးတွေကို ကာကွယ်စောင့်ရှောက်မှုတွေ အရင်ထက်ပိုပြီးလုပ်ပေးဖို့ လိုပါတယ်။ အမျိုးသမီးတွေအနေနဲ့လည်း ညဘက် အပြင်ထွက်တာမျိုး၊ ဒါမှမဟုတ် လူသူကင်းရှင်းတဲ့နေရာမျိုးတွေကို မဖြစ်မနေသွားရတော့မယ်ဆိုရင် မိမိမှာ တန်ဖိုးကြီးတဲ့ပစ္စည်းတွေ ဝတ်ဆင်မသွားဖို့လိုပါတယ်။ တချို့ကျတော့ ကိုယ့်ရဲ့ ဝတ်ဆင်ထားတဲ့တန်ဖိုးရှိ ပစ္စည်းတွေကြောင့်ပဲ အသက်ပေးလိုက်ရတဲ့ ဖြစ်စဉ်မျိုးလည်း ရှိတယ်။ ညဘက်တွေမှာ အဖော်မပါဘဲ တစ်ယောက်တည်း အပြင်သွားလာတာမျိုးကိုလည်း ရှောင်သင့်ပါတယ်။ မဖြစ်မနေသွားရမယ်ဆိုရင် ကိုယ့်ရဲ့အိမ်နဲ့ အဆက်အသွယ် မပြတ်အောင် လုပ်ထားသင့်ပါတယ်။ ဥပမာ-မိမိ ဘယ်ရောက်နေပြီ၊ ဘယ်သူနဲ့ အတူရှိနေတယ်၊ ဘယ်အချိန် ပြန်ရောက်မယ် စသဖြင့် မိဘအုပ်ထိန်းသူတွေကို အသိပေးသင့်ပါတယ်။ ဒါမှလည်း အကြောင်းတစ်စုံတစ်ရာဖြစ်ပေါ်လာရင် ကူညီမှုတွေပြုလုပ်ပေးနိုင်မယ်လို့ မြင်ပါတယ်။

**ဒေါ်မေသန်းဦး(လှိုင်သာယာမြို့နယ်)**

အမျိုးသမီးတွေအနေနဲ့ အပြင်သွားမယ်ဆိုရင် လုံလုံခြုံခြုံလေးဝတ်ဖို့လိုတယ်။ သွားလာနေတဲ့ အချိန်အခါမှာလည်း သတိဝီရိယရှိဖို့လိုပါတယ်။ ကိုယ့်ရဲ့အိမ်နဲ့လည်း အဆက်အသွယ်မပြတ်ဖို့လိုပါတယ်။ သွားလာတဲ့အခါမှာ ကိုယ့်အတွက် ကာကွယ်နိုင်ဖို့ အထောက်အကူဖြစ်စေမယ့် ပစ္စည်းတစ်ခုခုယူဆောင်သွားဖို့လိုပါတယ်။ ကျွန်မကတော့ သမီးကို အကြောင်းကိစ္စရှိလို့ အပြင်သွားတဲ့အခါ သူငယ်ချင်းတစ်ယောက်နှစ်ယောက်လောက် ပါအောင်ခေါ်သွားခိုင်းတယ်။ သူဘယ်ရောက်နေတယ်၊ ဘာလုပ်နေတယ်ဆိုတာတွေကိုလည်း မကြာခဏ ဖုန်းဆက်ပြီးမေးတယ်။ ကလေးတွေအနေနဲ့လည်း ကိုယ့်ရဲ့ မိဘတွေအပေါ်မှာ အမှန်အတိုင်းပြောဖို့လိုတယ်။ အဲဒါမှလည်း သူတို့ ဘယ်မှာ ဘာတွေလုပ်နေသလဲဆိုတာ သိရမှာပါ။ အဲဒီလိုမှမဟုတ်ဘဲ ကလေးတွေအနေနဲ့ မိဘတွေအပေါ်မှာ လိမ်ညာမယ်ဆိုရင်တော့ နှစ်ဦးနှစ်ဖက် အကျိုးမရှိဘဲ မသမာသူတွေရဲ့ အမြတ်ထုတ်မှုမျိုးကို ခံသွားရနိုင်ပါတယ်။ ဒါကြောင့် မိဘနဲ့ သားသမီးကြားမှာ အပြန်အလှန် လေးစားယုံကြည်မှုမျိုးနဲ့ ပွင့်ပွင့်လင်းလင်း ဆက်ဆံသင့်ပါတယ်။ အပြင်ရောက်နေတဲ့အခါမှာ မိဘတွေနဲ့လည်း အဆက်အသွယ် အမြဲတမ်းရှိဖို့လိုအပ်ပါတယ်။ ဒါမှလည်း အရေးအကြောင်းရှိရင် ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း - ဇော်ကြီး**

**ဓာတ်ပုံ - ဖေဇော်**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း SME လုပ်ငန်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၂၆**

နိုင်ငံတော်၏စီးပွားရေးဦးတည်ချက် တစ်ရပ်ဖြစ်သည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရန် ဆောင်ရွက်ခြင်း၊ ပြုပြင်ပြောင်းလဲ လုပ်ကိုင်နိုင်ခြေရှိသောလုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ဆောင်ခြင်းတို့အပြင် အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ(SME)ကို ပံ့ပိုးကူညီပေးရန်ဟူသည့် ဦးတည်ချက်ကို အကောင်အထည်ဖော်ရန် ရည်ရွယ်ချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ဆောင်ရွက်လျက်ရှိသော SME စာရင်းကောက်ယူ၍ လုပ်ငန်းစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်းအပြင် ကောက်ယူရရှိလာသော စာရင်းအင်းများကို SME Data Centre တစ်ခုထူထောင်၍ SME လုပ်ငန်းများအနက်မှ မည်သည့်လုပ်ငန်းများကို စတင်မြှင့်တင်ပေးရမည်ကိုဆုံးဖြတ်ပေးခြင်းနှင့် ချေးငွေရယူရန် စီစဉ်ပေးခြင်းတို့ကို ကူညီဆောင်ရွက်သွားမည်ဖြစ်သည်။



ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ SME စာရင်းများကို အခြေပြုပြီးတိုင်းဒေသကြီးအတွင်း လုပ်ငန်းစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်းလုပ်ငန်းကို ရှေ့ပြေးစစ်တမ်းအဖြစ် တောင်ဒဂုံမြို့နယ်တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး ဆက်လက်၍ ကျန်မြို့နယ်များတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများ၊ စက်မှုဇုန်ကော်မတီရုံးများအထိ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

**သတင်းစဉ်**

## စန်းမောင်မြင့် ဒါနဥပပါရမီ သွေးလှူကုသိုလ် ဖောင်ဒေးရှင်း (၁၁)ကြိမ်မြောက် စုပေါင်းသွေးလှူပွဲ ပြုလုပ်မည်

**ရန်ကုန် ဇန်နဝါရီ ၂၆**

"စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ် ဖောင်ဒေးရှင်း"က ကြီးမှူးပြုလုပ်သော (၁၁)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့်ရှိ အမျိုးသားသွေးဌာန(အမျိုးသားသွေးလှူဘဏ်)၌ ဖေဖော်ဝါရီ ၄ ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီမှ ၁၁ နာရီထိ ပြုလုပ်မည်ဖြစ်ပါ၍ မည်သူမဆို ပါဝင်သွေးလှူဒါန်းနိုင်ကြောင်း သိရသည်။

သွေးလှူရှင်များအား သွေးလှူဘဏ်မှ ပုံမှန်ကျွေးမွေးထောက်ပံ့မှုများအပြင် "စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း"မှ အမှတ်တရလက်ဆောင်များ(UV နေရောင်ခြည်ကာကွယ်သော ခေါက်ထီးတစ်လက်၊ ကြွေမတ်ခွက် တစ်လုံးနှင့် Sport-Shirt တစ်ထည်)ပံ့ပိုးဂုဏ်ပြုမည်ဖြစ်သည်။ သွေးလှူဒါန်းမည့်ပုဂ္ဂိုလ်များအနေဖြင့် "စန်းမောင်မြင့် သွေးလှူကုသိုလ် ဖောင်ဒေးရှင်း" ဖုန်း- ၀၉ ၅၁ ၃၅၅ ၁၅၊ ၀၉ ၇၈ ၆၆၇၇ ၂၉၂ တို့သို့ ၁- ၂- ၂၀၁၈ နောက်ဆုံးထား၍ စာရင်းပေးသွင်းပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**သတင်းစဉ်**

# မောင်တောမြို့၌ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**မောင်တော ဇန်နဝါရီ ၂၆**
ရခိုင်ပြည်နယ် မောင်တောမြို့၌ ဇန်နဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီခွဲက မောင်နီအလယ်ရွာကျေးရွာနေ ဟာဆောင်း(၄၂)နှစ်၏ နေအိမ်အား မြို့နယ်ရဲတပ်ဖွဲ့မှူးဦးဆောင်သည့် ပူးပေါင်းအဖွဲ့က ဝင်ရောက်ရှာဖွေခဲ့ရာ ဟာဆောင်းမှာ နေအိမ်မှ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး နေအိမ်ခြံဝင်းအတွင်းတွင် ဒေါ်ရာဘီယာခါတူ(၅၀)နှစ်နှင့် မာမတ်အီနုစ်(၂၂)နှစ်တို့အား တွေ့ရှိရသည်။ နေအိမ်ခြံဝင်းအတွင်း၌ မြေသားများတင်၍ ရပ်ထားသည့် ထော်လာဂျီအား သက်သေများဖြင့် ရှာဖွေစစ်ဆေးခဲ့ရာ မြေသားများဖြင့် ဖုံးအုပ်ထားသော ဆာလာအိတ် ခုနစ်အိတ် တွေ့ရှိသဖြင့် ဖွင့်ဖောက်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ခန့်မှန်းအရေအတွက် ၁၂၅၀၀၀၀ ကျော် (ကာလတန်ဖိုး ခန့်မှန်း ငွေကျပ် ၂၅၀၀၀၀၀၀၀)အား သိမ်းဆည်းရမိသည်။

**ခရိုင်(ပြန်/ဆက်)**



# တရားမဝင်သယ်ဆောင်လာသော ဆိုင်ကယ်အပိုပစ္စည်းများ သိမ်းဆည်းရမိ

**ရန်ကုန် ဇန်နဝါရီ ၂၆**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်မှုများကို ရေပူ အမြဲတမ်းစစ်ဆေးရေး စခန်းနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ မော်တော်ဆိုင်ကယ် အပိုပစ္စည်းများ တရားမဝင် သယ်ဆောင်လာမှုကို မရမ်းချောင်စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက ဇန်နဝါရီ ၂၅ ရက်က သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မရမ်းချောင် စစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးအဖွဲ့များက ခရီးသည်တင် ယာဉ်တစ်စီးအား တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ် အပိုပစ္စည်းများ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၉၆၀ သန်းအား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၅ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းက တားဆီးမှု ခြောက်မှု(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀ ဒသမ ၅၂၀ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၂၅ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၁၁၂၀၊ သွင်းကုန် ၁၀၈၇ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၉ စီး၊ သွင်းကုန် ၁၄၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**ဝဝ၁**






# အောင်လံမြို့နယ် ရေနံကြီးကျေးရွာတွင် မီးလောင်မှုဖြစ်ပွား

**အောင်လံ ဇန်နဝါရီ ၂၆**
မကွေးတိုင်းဒေသကြီး အောင်လံ မီးသတ်စခန်း၏ အရှေ့မြောက်ဘက် ရှစ်မိုင်ခန့်အကွာ ရေနံကြီးကျေးရွာတွင် ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီ ၁၂ မိနစ်ခန့်တွင် မီးလောင်မှုဖြစ်ပွားကြောင်း ကျေးရွာနေပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ မြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးမင်းသိမ်းထွန်းဦးစီးသော သန္ဒေမီးသတ် ၁၅ ဦး၊ အရန်မီးသတ် ၃၀ စုစုပေါင်း ၄၅ ဦးတို့ဖြင့် မြို့နယ်မီးသတ်စခန်းမှ မီးသတ်ရေသယ်ယာဉ် တစ်စီး၊ မီးသတ်စက်ယာဉ် တစ်စီး၊ ကန်ကြီးနယ်မြေစခန်းမှ မီးသတ်ရေသယ်ယာဉ် တစ်စီး၊ ကန်ကြီးရပ်ကွက်မှ အရန်မီးသတ်ရေသယ်ယာဉ် နှစ်စီး၊ တရော်ကုန်းရပ်ကွက်မှ မီးသတ်ရေသယ်ယာဉ် တစ်စီး၊ ဇေယျဝတီရပ်ကွက်မှ မီးသတ်စက်ယာဉ် တစ်စီး စုစုပေါင်း ခုနစ်စီးတို့ဖြင့် ကျေးရွာအရန်မီးသတ် ၁၀ ဦး၊ ပြည်သူများနှင့်အတူ အပေါ့စားရေစုပ်စက် နှစ်လုံးတို့ဖြင့် ပူးပေါင်းငြိမ်းသတ်ခဲ့ရာ ၁၀ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းခဲ့သည်။



ဖြစ်စဉ်မှာ ရေနံကြီးကျေးရွာနေ ဦးတင်အေးသည် ထမင်းဟင်းချက်ပြီး ယာခင်းသို့သွားစဉ် မီးဖို မီးကြွင်း မီးကျန်မှုတစ်ဆင့် ဘေးအကာထရံသို့ ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးလောင်ကျွမ်းမှုကြောင့် လူနေအိမ်လေးလုံးနှင့် နွားတင်းကုပ် တစ်လုံး မီးလောင်ခဲ့ပြီး လူ၊ တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိဘဲ အိုးမဲ့အိမ်မဲ့ဖြစ်သူ ၁၃ ဦးတို့အား နီးစပ်ရာ ဆွေမျိုးများအိမ်တွင် ပြောင်းရွှေ့နေထိုင်စေလျက် ရေနံကြီးကျေးရွာနေ ဦးတင်အေး(၄၆)နှစ်အား အောင်လံမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သိန်းလွင်(အောင်လံ)**

# အရက်မူးပြီး တူမီးသေနတ်ကိုင်ကာ လမ်းပေါ်ရမ်းကားနေသူအား ဖမ်းဆီးအရေးယူ

**နတ်တလင်း ဇန်နဝါရီ ၂၆။** ။ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တောင်ညိုရဲကင်းစခန်းအပိုင် ညောင်လေးပင်ရွာဟောင်း ရေငန်ကြီးတောင်ယာတွင် ဇန်နဝါရီ ၂၅ ရက် ည ၉ နာရီခန့်တွင် လူတစ်ဦးက တူမီးသေနတ်ကိုင်ဆောင်လျက် အရက်သေစာသောက်စားမူးယစ်ပြီး ရမ်းကားနေကြောင်း ညောင်လေးပင်ရွာဟောင်းရာအိမ်မှူးဦးချစ်သန်းဦးက တောင်ညိုရဲကင်းစခန်းသို့ အကြောင်းကြားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်အား ဒုတိယရဲအုပ် စလေးဝင်းနှင့်တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ရေငန်ကြီးတောင်ယာတွင် လာရောက်အလုပ်လုပ်ကိုင်နေသော စိုးနိုင်(ခ)မပန်းဝေ(၃၈)နှစ် အောင်ဇေယျကျေးရွာတွင် နေသူဖြစ်ကြောင်း၊ စိုးနိုင်(ခ)မပန်းဝေမှာ တူမီးသေနတ်အား ပြောင်းရင်းတွင် ယမ်းထည့်လျက်ကိုင်ဆောင်ကာ ရေငန်ကြီးတောင်ယာလမ်းပေါ်တွင်တွေ့ရသဖြင့် စစ်ဆေး၍ သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့်သိမ်းဆည်းပြီး ခွင့်ပြုချက်လိုင်စင်မရှိဘဲ တူမီးသေနတ်အား လက်ဝယ်ကိုင်ဆောင်ထားရှိသူ စိုးနိုင်(ခ)မပန်းဝေအား အရေးယူပေးပါရန် ဒုတိယရဲအုပ် စလေးဝင်းက တရားလိုပြုလုပ်တိုင်တန်းသဖြင့် တောင်ညိုရဲကင်းစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဝ၇၁**

# မုံရွာတက္ကသိုလ်တွင် မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**မုံရွာ ဇန်နဝါရီ ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မုံရွာတက္ကသိုလ်တွင် မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို အဆိုပါ တက္ကသိုလ်ဝင်းအတွင်းရှိ ဘီဆောင်အပေါ်ထပ်တွင် ဇန်နဝါရီ ၂၃ ရက်က ကျင်းပရာ မုံရွာတက္ကသိုလ် ဒုတိယပါမောက္ခချုပ်က အမှာစကားပြောကြားသည်။

အခမ်းအနားတွင် မုံရွာခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီး သန်းဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး အမှတ်(၁၁၁) ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံးမှ ရဲမှူးဇော်ဝင်းနိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၈)မှ ရဲအုပ်သူရထွန်းလတ်က မူးယစ်ဆေးဝါး၏ ဆိုးကျိုးများအကြောင်းကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ရဲအုပ်ဝင်းနိုင်ထွန်းက လူကုန်ကူးမှုဖြစ်စဉ်များ၊ လူကုန်ကူးမှုဖြစ်ပွားရခြင်း အကြောင်းအရင်းများအကြောင်းကို လည်းကောင်း ဟောပြောခဲ့ပြီး တပ်ဖွဲ့ဝင်များက လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ဓနုဖြူ ဇန်နဝါရီ ၂၆**
ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့ အထက(၂) ရွှေကူကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၅၀ တို့အား ဇန်နဝါရီ ၂၅ ရက် ညနေ ၃ နာရီတွင် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးအောင်အောင်ဦးနှင့် တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ မီးသတ်ဆေးဘူး အသုံးပြုပုံ လက်တွေ့သင်ကြားခြင်းနှင့် လက်တွေ့ဇာတ်တိုက်လေ့ကျင့်ခြင်းစသည့် ကျောင်းအခြေပြု မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သပြေထွန်း**

# တိုက်မိုင်းတစ်လုံးပေါက်ကွဲ၊ ကျွဲကျောင်းနေသူ ဒဏ်ရာရ

**မိုးကောင်း ဇန်နဝါရီ ၂၆**
ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ဆားမော်ကျေးရွာ အရှေ့တောင်ဘက် ခြောက်မိုင်ခန့်အကွာ ဘန်ကျက်ကွင်းတွင် ဇန်နဝါရီ ၂၅ ရက် ည ၁၀ နာရီခန့်က တိုက်မိုင်းတစ်လုံးပေါက်ကွဲသဖြင့် ကျွဲကျောင်းနေသူတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဆားမော်ကျေးရွာ ရပ်ကွက်(၄) အောင်သီရိရပ်နေ ဦးသန်းစိုး(၂၈)နှစ်သည် ၎င်း၏ လယ်တောတဲ၌ ကျွဲကျောင်းနေစဉ် တိုက်မိုင်းတစ်လုံးပေါက်ကွဲသဖြင့် ဒဏ်ရာများရရှိပြီး ဆားမော်တိုက်နယ်ဆေးရုံ၌ ဆေးကုသမှုခံယူနေကြောင်း သိရသည်။

ဆေးကုသမှုခံယူရာသို့ ခလရ(၁၀၅)မှ ဗိုလ်မှူးမျိုးမင်းသန်းက လိုအပ်သည်များကို လာရောက်ကူညီပြီး ထောက်ပံ့ငွေပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး**

# မြိတ်မြို့နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၆**
ပုလဲမင်းစစ်ဆင်ရေးအရ မူးယစ်တပ်ဖွဲ့စု(၃၅)မြိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၄ ရက် ညနေ ၆ နာရီခွဲက မြိတ်မြို့နယ် မြိတ်-ထားဝယ်ကားလမ်း ဘဲမဒီကျေးရွာအနီးတွင် မျိုးသူထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၃၆ ပြား၊ ဘိန်းစာမှုန့် ၃၅ ဂရမ်၊ လက်ကိုင်ဖုန်း တစ်လုံးနှင့် ငွေကျပ် ၂ ဒသမ ၈၅ သိန်းတို့ကို သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်အရ ဇန်နဝါရီ ၂၅ ရက် နံနက် ၅ နာရီခွဲတွင် မြိတ်မြို့ ကျွဲကူးရတနာရပ်ကွက်နေ အောင်ကိုမြတ်(ခ)သားသားအား မြိတ်မြို့ ဝန်ထမ်းရပ်ကွက် မြိတ်-ကျွဲကူးကားလမ်း၌ မော်တော်ဆိုင်ကယ်နှင့်အတူ တွေ့ရှိရှာဖွေရာ ဒူးကာကြားအံ့ဝှက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၊ ၎င်း၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၄၇ ပြား၊ ဘိန်းစာမှုန့် ၁၅၀ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ဆက်လက်၍ အောင်ကိုလတ်နေထိုင်သည့် ကျွဲကူးရတနာရပ်ကွက်နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၄ ပြား၊ ဘိန်းစာမှုန့် ၁၀၀ ဂရမ်၊ ငွေကျပ် ၄ ဒသမ ၃၉ သိန်းနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ ကွင်းဆက်အရ မြိတ်မြို့ စန္ဒဝတ်ကျေးရွာ၌ နေထိုင်သူ စောတနာစေး(ခ)စောမူဂူး၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား လေးပြားနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

# အိန္ဒိယသမ္မတနိုင်ငံ ထူထောင်သည့်နေ့ အထိမ်းအမှတ် စစ်ရေးပြပွဲကြီး မြို့တော်နယူးဒေလီ၌ ကျင်းပ

**နယူးဒေလီ ဇန်နဝါရီ ၂၆**

အိန္ဒိယသမ္မတနိုင်ငံထူထောင်သည့်နေ့ အထိမ်းအမှတ်စစ်ရေးပြပွဲကို မြို့တော်နယူးဒေလီ၌ ဇန်နဝါရီ ၂၆ ရက်က ခမ်းနားစွာ ကျင်းပကြောင်း၊ ယင်းစစ်ရေးပြပွဲကြီးသည် အိန္ဒိယနိုင်ငံ၏စစ်အင်အား ကြီးမြတ်ထည်ဝါမှုကို ထုတ်ဖော်ပြသနိုင်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဇန်နဝါရီ ၂၆ ရက် နံနက်ခင်းတွင် စစ်ရေးပြချီတက်မှုကို စတင်ခဲ့သည်။ မကြုံစဖူး ထူးထူးခြားခြား လုံခြုံရေးတင်းကျပ်ထားပြီး လုံခြုံရေးတပ်ဖွဲ့ဝင် ၆၀၀၀၀ ခန့်ကို ဖြန့်ကြက်ခဲ့ကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှု ဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန် စစ်ရေးပြပွဲကျင်းပရာ လမ်းမကြီးတစ်လျှောက်ရှိ မိုးမျှော်အဆောက်အအုံများ၏ ခေါင်မိုးပေါ်တွင် လေယာဉ်ပစ်စစ်သေနတ်များနှင့် လက်ဖြောင့်တပ်သားများကို အသင့်နေရာယူထားစေကြောင်း သတင်းတွင် ဖော်ပြသည်။

အိန္ဒိယကြည်းတပ်၊ လေတပ်နှင့် ရေတပ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်ပုံစံဖွဲ့စည်းထားသော အခြားတပ်ဖွဲ့များက ရာဇပါ့သ်လမ်းမကြီးတစ်လျှောက်တွင် ကြီးကျယ်ခမ်းနားစွာ စစ်အင်အားပြသခဲ့ကြသည်။ သံချပ်ကာယာဉ်များ၊ အမြောက်ယာဉ်များ၊ စစ်လေယာဉ်များ၊ စစ်ရေယာဉ်များနှင့် ရေငုပ်သင်္ဘောများအဖြစ် အသွင်ပုံစံတူပြုလုပ်ထားသော ရုပ်လုံးရုပ်ကြွများကိုလည်း ခင်းကျင်းပြသခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

စစ်ရေးပြပွဲကြီး၌ အစုအဖွဲ့အလိုက် စုဝေးချီတက်ကြရာတွင် သမ္မတရမ်နတ်ကိုဗင်က တပ်ဖွဲ့ဝင်များ၏ အလေးပြုခြင်းကို ခံယူသည်။ ထိုစဉ်အတွင်း ဝန်ကြီးချုပ် နာရင်ဒရာမိုဒီနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) ၁၀ နိုင်ငံမှ ခေါင်းဆောင်များက ပြက်ပေ ၁၀၀ ရှိ ကျည်လုံမှန်ခန်း အတွင်းမှနေ၍ စစ်ရေးပြချီတက်ပွဲကို စောင့်စားကြည့်ရှုခဲ့ကြသည်။

စစ်ရေးပြပွဲအခမ်းအနားကို ကြည့်ရှုကြသော ပြည်သူများအား ဆွဲဆောင်နိုင်ဆုံးပြကွက်မှာ နယ်စပ်လုံခြုံရေးတပ်ဖွဲ့မှ အမျိုးသမီး ၁၀၀ ကျော်ပါဝင်သော အဖွဲ့တစ်ဖွဲ့က မော်တော်ဆိုင်ကယ်စတန့်စီးပြမှုဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ**



အိန္ဒိယသမ္မတနိုင်ငံထူထောင်သည့်နေ့ အထိမ်းအမှတ် စစ်ရေးပြပွဲ အခမ်းအနား ကျင်းပစဉ်။





# ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လည်ကျင်းပ

**ဗီယင်နာ ဇန်နဝါရီ ၂၆**

ဆီးရီးယားအရေးနှင့်ပတ်သက်ပြီး သမ္မတဘာရှာအယ် အာဆက်အစိုးရအဖွဲ့နှင့် အစိုးရဆန့်ကျင်ရေးအဖွဲ့တို့အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ပြန်လည်ကျင်းပခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ နှစ်ရက်ကြာကျင်းပလျက်ရှိသည်။

အစည်းအဝေးတက်ရောက်လာသူများက ဆီးရီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ရပ်နှင့်ပတ်သက်ပြီး အဓိက ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြသည်။

မကြာသေးမီက အပြန်အလှန်ပစ်ခတ်ခဲ့သည့် ဖြစ်ရပ်သည် ယခုငြိမ်းချမ်းရေးဆွေးနွေးမှုကို ထိခိုက်နိုင်ဖွယ်ရှိကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

ကုလသမဂ္ဂအထူးသံတမန် စတန်ဖန် ဒီမစ်တူရာက သမ္မတအာဆက်အစိုးရအဖွဲ့နှင့် အစိုးရဆန့်ကျင်အဖွဲ့များအား သီးခြားတွေ့ဆုံပြီး ဆီးရီးယားနိုင်ငံငြိမ်းချမ်းရေးရရှိစေရေး ဆွေးနွေးလျက်ရှိသည်။

မြို့တော် ဒမတ်စကတ်ရှိ ဆင်ခြေဖုံးနေရာများအပါအဝင် မြောက်ဘက်ပိုင်းရှိ အိုင်ဒ်လတ်ဘ်စီရင်စုတွင် အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားလျက်ရှိနေချိန်တွင် ယခုအစည်းအဝေးကို ကျင်းပခြင်းဖြစ်သည်။

လာမည့်ရက်သတ္တပတ်တွင် ရုရှားနိုင်ငံက ၎င်းထောက်ခံအားပေးလျက်ရှိသည့် ဆီးရီးယားသမ္မတအာဆက် အစိုးရအဖွဲ့နှင့် အစိုးရဆန့်ကျင် အဖွဲ့များအား သီးခြားတွေ့ဆုံကာ ငြိမ်းချမ်းရေးကိစ္စနှင့်ပတ်သက်ပြီး ဆွေးနွေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ရုရှားနိုင်ငံတွင်ကျင်းပမည်ဆိုသည့် အဆိုပါအစည်းအဝေးသို့ ကုလသမဂ္ဂအထူးသံတမန်နှင့် အစိုးရဆန့်ကျင်ရေးအဖွဲ့တို့ တက်ရောက်ရန် အခိုင်အမာပြောကြားခြင်းမရှိသေးပေ။

**အင်န်အိတ်ချ်ကေ**

# တောင်ကိုရီးယား၌ ဆေးရုံမီးလောင်မှုဖြစ်ပွား ၃၇ ဦးသေဆုံး၊ လူပေါင်း ၇၀ ထိခိုက်ဒဏ်ရာရ

**ဆိုးလ် ဇန်နဝါရီ ၂၆**

တောင်ကိုရီးယားနိုင်ငံရှိ ဆေးရုံတစ်ရုံ၌ ဇန်နဝါရီ ၂၆ ရက်က မီးလောင်မှုဖြစ်ပွားရာ ၃၇ ဦးထက် မနည်းသေဆုံးခဲ့ပြီး လူပေါင်း ၇၀ ကျော် ထိခိုက်ဒဏ်ရာရရှိကြောင်း၊ ထိခိုက်ဒဏ်ရာရသူများအနက် ရှစ်ဦးမှာ စိုးရိမ်ရသည့်အခြေအနေတွင်ရှိနေကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

တောင်ကိုရီးယားနိုင်ငံ၌ ဆယ်စုနှစ်တစ်စုတာ ကာလအတွင်း လူအသေအပျောက်အများဆုံး မီးလောင်မှုဖြစ်ကြောင်း ယွန်ဟပ်သတင်းဌာနက ထုတ်ပြန်သော သတင်းတွင် ဖော်ပြသည်။

ဆေကျောင်စီရင်စုရှိဆေးရုံမီးလောင်မှုဖြစ်ပွားရခြင်းနှင့်ပတ်သက်၍ သမ္မတမွန်းဂျေအင်းက ၎င်း၏ထိပ်တန်းလက်ထောက်များနှင့် အရေးပေါ်အစည်းအဝေး ပြုလုပ်ခဲ့သည်။ မီးဘေးအန္တရာယ်တွေ့ကြုံခံစားကြရသူများအား လိုအပ်သည့် အကူအညီများပေးအပ်ရန် သမ္မတမွန်းက အစိုးရအဖွဲ့အား တိုက်တွန်းသည်။

ဆေကျောင်အမည်ရှိ ဆေးရုံ၏ပထမထပ်၌ တည်ရှိသောအရေးပေါ်ခန်းမအနီး၌ ဇန်နဝါရီ ၂၆ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲခန့်တွင် မီးစတင်လောင်ကျွမ်းခဲ့ပြီး နာရီအနည်းငယ်အကြာတွင် မီးကိုထိန်းချုပ်နိုင်ခဲ့ကြောင်း မြို့တော်ဆိုးလ်အရှေ့တောင်ဘက် ကီလိုမီတာ ၂၇၀ (မိုင် ၁၇၀) အကွာရှိ မီရန်းစီတီး မီးသတ်စခန်း၏ အကြီးအကဲ ချွိုင်မင်စူးက ပြောကြားသည်။

ဆေးရုံနောက်ဘက်ရှိ သူနာပြုဂေဟာနှင့် ဆေးရုံ၏ပင်မအဆောက်အအုံအတွင်းရှိ လူ ၂၀၀ ခန့်ကို မီးသတ်တပ်ဖွဲ့ဝင်များက ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း ချွိုင်က ပြောကြားသည်။

မီးလောင်မှုကြောင့် သေဆုံးရသူအများစုမှာ ဆေးရုံ၏ပထမထပ်နှင့် ဒုတိယထပ်တို့တွင် ရှိနေခဲ့သူများဖြစ်ကြသည်။

**ရိုက်တာ**



# အာတိတ်ဒေသ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး တရုတ်နိုင်ငံ ကြိုးပမ်း လုပ်ဆောင်မည်

**ပေကျင်း ဇန်နဝါရီ ၂၆**

အာတိတ်ဒေသ၌ ကမ္ဘာ့နိုင်ငံများအားလုံး၏ တူညီသောအကျိုးစီးပွားများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်လည်းကောင်း၊ ယင်းဒေသ၌ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်စေရန်လည်းကောင်း တရုတ်နိုင်ငံက ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်ကောင်စီပြန်ကြားရေးရုံးက ဇန်နဝါရီ ၂၆ ရက်တွင် ထုတ်ပြန်သော အစိုးရအစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

မြောက်ဝင်ရိုးစွန်း ဒေသဆိုင်ရာ တရုတ်နိုင်ငံ၏မူဝါဒရည်မှန်းချက်များမှာ ယင်းဒေသအား နားလည်သိရှိမှုရှိရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ ဖွံ့ဖြိုးရေးနှင့် ယင်းဒေသ၌ စီမံဆောင်ရွက်မှုတို့တွင် ပါဝင်ဆောင်ရွက်နိုင်ရေးတို့ဖြစ်ကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

အာတိတ်ဒေသနှင့် ပတ်သက်၍ နားလည်သိရှိမှုဖြစ်ပေါ်စေရန် ယင်းဒေသနှင့်ပတ်သက်နေသော သိပ္ပံရေးရာ သုတေသနလုပ်ငန်း၏ စွမ်းပကားနှင့် စွမ်းဆောင်ရည်တို့ တိုးတက်စေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အာတိတ်ဒေသဆိုင်ရာ သိပ္ပံပညာ၏ သုတနယ်ပယ်ကို တိုးချဲ့နိုင်ရန်လည်းကောင်း၊ ယင်းဒေသ၏ ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် ဖွံ့ဖြိုးမှုများကို အဓိပ္ပာယ်ဖွင့်ဆိုပေးသော သဘာဝတရားဥပဒေသများကို စူးစမ်းလေ့လာသွားရန် လည်းကောင်း တရုတ်နိုင်ငံက ရည်မှန်းထားကြောင်း အစီရင်ခံစာတွင် ဆက်လက်ရေးသားထားသည်။

အာတိတ်ဒေသကို ကာကွယ်စောင့်ရှောက်နိုင်စေရေးအတွက် ယင်းဒေသ၏ ရာသီဥတုပြောင်းလဲမှုအခြေအနေကို လေ့လာသွားမည်ဖြစ်ကြောင်း၊ အာတိတ်ဒေသ၏ တစ်မူထူးခြားသော သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တို့ကို ကာကွယ်စောင့်ရှောက်မည်ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်း၊ ရာသီဥတုပြောင်းလဲခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်များ၊ နိုင်ငံတကာ ပင်လယ်ရေကြောင်းအဖွဲ့ချုပ်က ပြဋ္ဌာန်းထားသော သက်ဆိုင်ရာ ဥပဒေစည်းမျဉ်းများကို လိုက်နာသွားမည် ဖြစ်ကြောင်း၊ အာတိတ်ဒေသနှင့် သက်ဆိုင်နေသော ရေးရာများနှင့် လှုပ်ရှားဆောင်ရွက်ချက်များကို ဥပဒေနှင့်အညီဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ဆ) စက်ပစ္စည်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားပစ္စည်း တစ်မျိုးမျိုးဖြင့်ဖြစ်စေ မှတ်တမ်းတင်ထားရှိသည့် သို့မဟုတ် ထိန်းသိမ်းထားရှိသည့် အကြောင်းကိစ္စတစ်ခုကို စာဖြင့်ရေးသားထုတ်ယူခြင်းသည် ဆန့်ကျင်ကွဲလွဲမှုတစ်စုံတစ်ရာ မရှိလျှင် အဆိုပါအကြောင်းကိစ္စ၏ စာဖြင့်မှတ်တမ်းတင်ထားရှိသည့် အကြောင်းကိစ္စတစ်ရပ်ဖြစ်သည်ဟု သတ်မှတ်ရမည်။

**စာရွက်စာတမ်းများကို ပေးပို့ခြင်းနှင့် ၎င်းတို့သည် အစစ်အမှန်ဖြစ်ခြင်းအကြောင်း**

**ကုမ္ပဏီသို့ စာရွက်စာတမ်းများ ပေးပို့ခြင်း**

၄၄၉။စာရွက်စာတမ်းများကို ပေးပို့ဆောင်ရွက်ရမည့် အခြားသောနည်းလမ်းတစ်ရပ်ရပ်ကို ကန့်သတ်တားမြစ်ထားခြင်းမရှိစေဘဲ စာရွက်စာတမ်းတစ်ရပ်ရပ်ကို ကုမ္ပဏီတစ်ခုသို့ အောက်ပါအတိုင်း ပေးပို့ဆောင်ရွက်နိုင်သည်-

(က) ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်းသို့ ကိုယ်တိုင်ပေးပို့ခြင်း သို့မဟုတ် စာတိုက်မှတစ်ဆင့်ပေးပို့ခြင်း သို့မဟုတ်

(ခ) ပုဒ်မ ၄၂၁ အရ မှတ်ပုံတင်အရာရှိက ထိန်းသိမ်းထားရှိရသည့် မှတ်ပုံတင်စာရင်းတွင် ကုမ္ပဏီ၏ ဒါရိုက်တာများအဖြစ် အမည်စာရင်းပါရှိသော ပုဂ္ဂိုလ်တစ်ဦးဦးထံသို့ပေးပို့ခြင်း သို့မဟုတ်

(ဂ) ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သောအဓိကနေရပ်ရှိ ကုမ္ပဏီ၏ ဝန်ထမ်းတစ်ဦးဦးထံသို့ပေးပို့ခြင်း သို့မဟုတ်

(ဃ) တရားစွဲဆို စစ်ဆေးဆောင်ရွက်မှု တစ်ရပ်ရပ်တွင် စာပေးပို့ရန်အတွက် တရားရုံးက ညွှန်ကြားသည့် နည်းလမ်းများနှင့်အညီ ပေးပို့ခြင်း သို့မဟုတ်

(င) ကုမ္ပဏီနှင့်ပြုလုပ်ထားသော သဘောတူညီချက်တစ်ရပ်ရပ်နှင့် အညီပေးပို့ခြင်း။

**မှတ်ပုံတင်အရာရှိထံသို့ စာရွက်စာတမ်းများ ပေးပို့ခြင်း**

၄၅၀။စာရွက်စာတမ်းတစ်ခုခုကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ဆောင်ရွက်ရာတွင် ၎င်းထံသို့ စာတိုက်မှ တစ်ဆင့်သော်လည်းကောင်း၊ ကိုယ်တိုင်ပေးပို့ခြင်းဖြင့် သော်လည်းကောင်း၊ ၎င်း၏ ရုံးခန်းသို့ ပေးပို့ခြင်းဖြင့် သော်လည်းကောင်း ဆောင်ရွက်နိုင်သည်။

**စာရွက်စာတမ်းများ အစစ်အမှန်ဖြစ်ခြင်း**

၄၅၁။စာရွက်စာတမ်း သို့မဟုတ် မှုခင်းဆောင်ရွက်မှုတစ်ရပ်ရပ်သည် အစစ်အမှန်ဖြစ်သည်ဟု ကုမ္ပဏီကဖော်ပြနိုင်သည့် အခြားသောနည်းလမ်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ ပုဒ်မ ၃၁ အရ ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်နေသောပုဂ္ဂိုလ်တစ်ဦးဦးက ပြုလုပ်ဆောင်ရွက်ခွင့်ရှိသည့်ယူဆချက်များကိုဖြစ်စေ ကန့်သတ်တားမြစ်ထားခြင်း မရှိစေဘဲ ကုမ္ပဏီက အစစ်အမှန်ဖြစ်သည်ဟု ဖော်ပြရန်လိုအပ်သော စာရွက်စာတမ်း သို့မဟုတ် မှုခင်းဆောင်ရွက်မှု တစ်ရပ်ရပ်ကို ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦး၊ အတွင်းရေးမှူး သို့မဟုတ် အခြားသောအခွင့်အာဏာ အပ်နှင်းခြင်းခံရသော အရာရှိတို့က လက်မှတ်ရေးထိုးနိုင်သည်။ ဤကိစ္စတွင် ရုံးတံဆိပ်ခတ်နှိပ်ရန် လိုအပ်ခြင်းမရှိ။

**အခန်း (၃၀)**

**ပြစ်မှုများနှင့် ခုခံချေပခြင်းအကြောင်း**

**သီးခြားပြစ်မှုများ**

**မှားယွင်းသည့် ရေးသားဖော်ပြချက်အတွက် ပြစ်ဒဏ်**

၄၅၂။မည်သူမဆိုဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်၏ ကိစ္စရပ်များအတွက် ပြုလုပ်ရန်လိုအပ်သည့် အရှုံးအမြတ်စာရင်း၊ အစီရင်ခံစာ၊ သက်သေခံလက်မှတ်၊ ငွေကြေးဆိုင်ရာရေးသားဖော်ပြချက် သို့မဟုတ် အခြားစာရွက်စာတမ်းတစ်ရပ်ရပ်တွင် အရေးပါသောအချက်အလက်များနှင့် စပ်လျဉ်း၍ အဆိုပါအချက်အလက်များမှာ မှားယွင်းနေသည်ကို သိလျက်ဖြင့် မှားယွင်းဖော်ပြခြင်း သို့မဟုတ် လွဲမှားစွာတင်ပြခြင်းတို့ကို တမင်ပြုလုပ်ခဲ့လျှင် သို့မဟုတ် ထိုသို့ပြုလုပ်ရန် ခွင့်ပြုခဲ့လျှင် သို့မဟုတ် အဆိုပါ စာရွက်စာတမ်းများမှ အကြောင်းအရာတစ်ရပ်ရပ်ကို ချန်လှပ်ထားခြင်းသည် စာရွက်စာတမ်းကို မှားယွင်းစေခြင်း သို့မဟုတ် လွဲမှားစွာ တင်ပြခြင်းဖြစ်စေကြောင်းသိလျက်ဖြင့် ထိုသို့ချန်လှပ်ထားခြင်း သို့မဟုတ် ထိုသို့ပြုလုပ်ရန်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့လျှင် ထိုသူသည် တည်ဆဲဥပဒေအရချမှတ်သည့် ပြစ်ဒဏ်ကိုကျခံရမည်။

**ပစ္စည်းများကို မှားယွင်း၍ နုတ်ပယ်ထားခြင်း သို့မဟုတ် ဖျက်ဆီးခြင်းအတွက် ပြစ်ဒဏ်**

၄၅၃။ကုမ္ပဏီ၏ပစ္စည်းတစ်ရပ်ရပ်အား လက်ဝယ်ရှိခွင့်ကို မှားယွင်းရရှိထားသော သို့မဟုတ် လက်ဝယ်ရရှိထားသည့် ထိုပစ္စည်းတစ်ရပ်ရပ်ကို မှားယွင်း၍ နုတ်ပယ်ခြင်း သို့မဟုတ် ဤဥပဒေ သို့မဟုတ် ကုမ္ပဏီ၏ အခြေခံစည်းမျဉ်းပြဋ္ဌာန်းချက်များတွင် ဖော်ပြထားသော သို့မဟုတ် ညွှန်ကြားထားသော သို့မဟုတ် ခွင့်ပြုထားသော ကိစ္စရပ်မဟုတ်သော အခြားကိစ္စရပ်များအတွက် တမင်အသုံးပြုခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ၊ အခြားအရာရှိ သို့မဟုတ် ဝန်ထမ်းတစ်ဦးဦးသည် ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီ၏ မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦးက တင်ပြတိုင်တန်းခဲ့ပါက တည်ဆဲ ဥပဒေအရ ချမှတ်သည့် ပြစ်ဒဏ်ကိုကျခံရမည်။ ၎င်းအပြင်တရားရုံးက သတ်မှတ်သည့် အချိန်ကာလအတွင်း မမှန်မကန်ရယူထားသော သို့မဟုတ် မှားယွင်း၍ နုတ်ပယ်ထားသော သို့မဟုတ် တမင်လွဲမှားစွာအသုံးပြုထားသော အဆိုပါ ပစ္စည်းများကို ပြန်လည်ပေးအပ်စေရန် သို့မဟုတ် ငွေကြေးပြန်လည်ပေးဆပ်စေရန် တရားရုံးက အမိန့်ချမှတ်နိုင်သည်။

**ဝန်ထမ်းများက အာမခံချက်များကို အလွဲအသုံးပြုခြင်းအတွက် ပြစ်ဒဏ်**

၄၅၄။(က) ကုမ္ပဏီနှင့်ဆောင်ရွက်ထားသည့် တာဝန်ဆောင်ရွက်ခြင်းဆိုင်ရာ ပဋိညာဉ်စာချုပ်များအရ ကုမ္ပဏီ၏ဝန်ထမ်းများက ကုမ္ပဏီတွင် အပ်နှံထားရှိသည့် ငွေကြေး သို့မဟုတ် အာမခံချက်များအားလုံးကို သတ်မှတ်စီစဉ်ထားသည့် ဘဏ်တစ်ခုခုတွင် ထိုကိစ္စအတွက်ကုမ္ပဏီက ဖွင့်လှစ်ထားသည့် သီးခြားငွေစာရင်း၌ ကုမ္ပဏီက သိမ်းဆည်းထားရှိရမည် သို့မဟုတ် အပ်နှံထားရှိရမည်ဖြစ်ပြီး အဆိုပါငွေကြေး သို့မဟုတ် အာမခံချက်၏ မည်သည့်အစိတ်အပိုင်းကိုမျှ တာဝန်ဆောင်ရွက်ခြင်းဆိုင်ရာ ပဋိညာဉ်စာချုပ်တွင် သဘောတူညီထားသည့် ကိစ္စရပ်များအတွက်မှတစ်ပါး ကုမ္ပဏီက သုံးစွဲခြင်းမပြုရ။

(ခ) ကုမ္ပဏီ၏ဝန်ထမ်းများ သို့မဟုတ် ဝန်ထမ်း အမျိုးအစား တစ်ရပ်ရပ်အတွက် အိုနာစာ ရန်ပုံငွေတစ်ရပ်ကို ကုမ္ပဏီက တည်ထောင်ထားရှိသည့်အခါ အဆိုပါရန်ပုံငွေသို့ ကုမ္ပဏီကဖြစ်စေ၊ ဝန်ထမ်းများကဖြစ်စေ ထည့်ဝင်ထားသည့် ငွေကြေးများအားလုံး သို့မဟုတ် အဆိုပါရန်ပုံငွေသို့ အတိုး သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်အရရရှိသည့် ငွေကြေးများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က တရားဝင်လိုင်စင် ထုတ်ပေးထားသည့် ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုခုတွင် ဖွင့်လှစ်ထားသည့် ငွေစာရင်း၌ အပ်နှံထားရှိရမည် သို့မဟုတ် ယုံကြည်အပ်နှံရေးအက်ဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (က) မှ (င) အထိတို့တွင် ဖော်ပြပါရှိသော သို့မဟုတ် ရည်ညွှန်းဖော်ပြထားသော ငွေချေးသက်သေခံလက်မှတ်များအဖြစ် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရမည်ဖြစ်ပြီး အခြားသက်ဆိုင်ရာ ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဂ) ပုဒ်မခွဲ (ခ) နှင့်သက်ဆိုင်သည့် ရန်ပုံငွေတစ်ရပ်ရပ် သို့မဟုတ် ကုမ္ပဏီနှင့် ယင်း၏ ဝန်ထမ်းများအကြားပြုလုပ်ထားသည့်ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်ပါ ရန်ပုံငွေတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့်စည်းမျဉ်းများနှင့် တစ်စုံတစ်ရာဆန့်ကျင်ခြင်းရှိစေကာမူ မည်သည့်ဝန်ထမ်းကမျှ ပုဒ်မခွဲ (ခ) ပါပြဋ္ဌာန်းချက်များနှင့်အညီ ရင်းနှီးမြှုပ်နှံထားသည့် အဆိုပါ ရန်ပုံငွေတွင် ၎င်းထည့်ဝင်ထားသည့် ငွေပမာဏအချိုးကျအတိုင်း အဆိုပါရင်းနှီးမြှုပ်နှံမှုမှ ရရှိသည့်အတိုးနှုန်းထက် ပိုမိုသော နှုန်းထားတစ်ရပ်ဖြင့် အတိုးငွေကို လက်ခံရရှိခွင့် မရှိစေရ။

(ဃ) ဝန်ထမ်းတစ်ဦးသည် ကုမ္ပဏီသို့ တင်ပြတောင်းဆို၍ ပုဒ်မခွဲ (က) နှင့် (ခ) တို့တွင် ရည်ညွှန်းဖော်ပြထားသည့်ငွေကြေးအတွက် ဘဏ်လက်ခံပြေစာများ သို့မဟုတ် ငွေချေး သက်သေခံလက်မှတ် တစ်ရပ်ရပ်ပိုင်ဆိုင်မှု အထောက်အထားများကို ကြည့်ရှုခွင့်ရှိသည်။

(င) ဤပုဒ်မပါပြဋ္ဌာန်းချက်များကို သိလျက်ဖြင့် ဆန့်ကျင်ဆောင်ရွက်သော သို့မဟုတ် ဆန့်ကျင်ဆောင်ရွက်ရန် ခွင့်ပြုသော သို့မဟုတ် ဆန့်ကျင်ဆောင်ရွက်စေသော ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးစီသည် တည်ဆဲဥပဒေအရ ချမှတ်သည့် ပြစ်ဒဏ်ကို ကျခံရမည်။

**"လီမိတက်" ဟူသော စကားရပ်ကို မလျော်မကန် သုံးစွဲမှုအတွက် ပြစ်ဒဏ်**

၄၅၅။ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် ပုဂ္ဂိုလ်များသည် ကုန်သွယ်ရောင်းဝယ်ခြင်း သို့မဟုတ် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ခြင်းတို့ကို နောက်ဆုံးစာလုံးအဖြစ် "လီမိတက်" ဟူသော စကားရပ်ပါရှိသည့် အမည် သို့မဟုတ် ခေါင်းစဉ်တစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ခဲ့လျှင် တာဝန်ကန့်သတ်ပြီး တရားဝင်ဖွဲ့စည်းတည်ထောင်ထားသည့်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းမဟုတ်ပါက ထိုသူ သို့မဟုတ် ထိုသူများသည် တည်ဆဲဥပဒေအရချမှတ်သည့် ပြစ်ဒဏ်ကို ကျခံရမည်။

**စာရင်းစာအုပ်များ၏ အချက်အလက်များကို မှားယွင်းစေရန် ပြင်ဆင်မှုများအတွက် ပြစ်မှု**

၄၅၆။(က) ကုမ္ပဏီတစ်ခု၏ အရာရှိ၊ ယခင်က တာဝန်ထမ်းဆောင်ခဲ့သော အရာရှိ၊ ဝန်ထမ်း၊ ယခင်ကတာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်း၊ ကုမ္ပဏီတွင်ပါဝင်သူ သို့မဟုတ် ကုမ္ပဏီတွင် ယခင်က ပါဝင်ခဲ့သူ တစ်ဦးဦးသည် ကုမ္ပဏီက ပိုင်ဆိုင်သည့် သို့မဟုတ် ထုတ်ဝေသည့် ငွေချေးသက်သေခံ လက်မှတ်တစ်ရပ်ရပ် သို့မဟုတ် ကုမ္ပဏီ၏ လုပ်ငန်းကိစ္စရပ်များနှင့် သက်ဆိုင်သည့် စာရင်းစာအုပ်တစ်ရပ်ရပ်၏ အချက်အလက်များကို ဖုံးကွယ်ခြင်း၊ ဖျက်ဆီးခြင်း၊ ချို့ယွင်းစေခြင်း သို့မဟုတ် မှားယွင်းစေရန် ပြင်ဆင်ခြင်းတို့ကို ပြုလုပ်မှုသည် ပြစ်မှုတစ်ရပ်ကို ကျူးလွန်ရာရောက်ပြီး ဤဥပဒေအရ ပြစ်မှုမြောက်သည်။

(ခ) ကုမ္ပဏီ၏ လုပ်ငန်းကိစ္စများနှင့် သက်ဆိုင်သော စာရင်းစာအုပ်များကို ထိန်းသိမ်းထားခြင်းနှင့် စပ်လျဉ်း၍ အသုံးပြုသည့် သို့မဟုတ် အသုံးပြုရန် ရည်ရွယ်ထားသည့် ကိစ္စရပ်ကို စက်ပစ္စည်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်စက်ပစ္စည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားပစ္စည်းတစ်မျိုးမျိုးဖြင့်ဖြစ်စေ ဖတ်ရှုရန်ခက်ခဲသည့်ပုံစံဖြင့် မှတ်တမ်းတင်ထားရှိသည့် သို့မဟုတ် ထိန်းသိမ်းထားရှိသည့်အခါ -

(၁) အရေးကြီးသည့် ကိစ္စရပ်များတွင် မှားယွင်းသည်ဟုလည်းကောင်း၊ သို့မဟုတ် လွဲမှား၍ တင်ပြထားသည်ဟုလည်းကောင်း သိရှိပြီး အဆိုပါပစ္စည်းများဖြင့် ထိုကိစ္စရပ်အား မှတ်တမ်းတင်ထားရှိသူ သို့မဟုတ် ထိန်းသိမ်းထားရှိသူတစ်ဦးဦး၊

(၂) အဆိုပါပစ္စည်းဖြင့် မှတ်တမ်းတင်ထားရှိသော သို့မဟုတ် ထိန်းသိမ်းထားရှိသော ကိစ္စရပ်များ သို့မဟုတ် အဆိုပါပစ္စည်းဖြင့် မှတ်တမ်းတင်ထားရှိရမည့် သို့မဟုတ် ထိန်းသိမ်းထားရှိရမည့် အခြားကိစ္စရပ်များကို မှတ်တမ်းတင်ထားရှိရန် သို့မဟုတ် ထိန်းသိမ်းထားရှိရန် ရည်ရွယ်၍ဖြစ်စေ သို့မဟုတ် ၎င်းတို့ကို စုစည်းဆောင်ရွက်ခြင်း သို့မဟုတ် ပြန်လည်ပြုစုခြင်းတို့တွင် အသုံးပြုရန်အတွက်ဖြစ်စေ ပြုစုဆောင်ရွက်သည့် ကိစ္စရပ်များတွင် ဖျက်ဆီးခြင်း၊ ဖယ်ရှားခြင်း သို့မဟုတ် အချက်အလက်များကို မှားယွင်းစေရန် ပြင်ဆင်ခြင်းတို့ကို ဖြစ်စေသော အပြုအမူများကို ဆောင်ရွက်သူ တစ်ဦးဦး သို့မဟုတ်

(၃) အဆိုပါပစ္စည်းဖြင့် အကြောင်းကိစ္စရပ်များကို မှတ်တမ်းတင်ထားရန် သို့မဟုတ် ထိန်းသိမ်းထားရှိရန် တာဝန်ရှိပြီးထိုသို့ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူတစ်ဦးဦးသည် -

(ကက) ထိုသို့ မှတ်တမ်းတင်ထားရှိရမည့် သို့မဟုတ် ထိန်းသိမ်းထားရှိရမည့် အကြောင်းကိစ္စရပ်များမှ အချက်အလက်အားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ မှားယွင်းစေရန် ရည်ရွယ်၍ ရေးသွင်းချက်များကို ပြုလုပ်ခြင်း သို့မဟုတ် ပြုစုခြင်း သို့မဟုတ်

(ခခ) အကြောင်းကိစ္စရပ်များကို ထိုသို့ မှတ်တမ်းတင်ထားရှိရန် သို့မဟုတ် ထိန်းသိမ်းထားရှိရန် ပျက်ကွက်ခြင်းသည် ထိုသို့ မှတ်တမ်းတင်ထားသည့် သို့မဟုတ် ထိန်းသိမ်းထားသည့် အခြားသော သီးခြားအရေးကြီးသည့် အကြောင်းကိစ္စများတွင် မှားယွင်းစေမည်ဖြစ်ကြောင်း သို့မဟုတ် လွဲမှားစွာ တင်ပြခြင်းဖြစ်စေကြောင်း သိရှိခြင်းသည် ဤပုဒ်မ ပါ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်ဆောင်ရွက်ရာ ရောက်သည်။

(ဂ) တရားပြိုင်သည် ပြစ်မှုမြောက်သော ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု ဖြစ်ပေါ်စေသည့် အခြေအနေများအားလုံးကို သဘောရိုးဖြင့် ဆောင်ရွက်ခဲ့ကြောင်းနှင့် အပြစ်မှ ကင်းလွတ်ခွင့်ပြုသင့်ကြောင်း သက်သေထင်ရှားတင်ပြနိုင်လျှင် ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ)အရ ဖြစ်ပေါ်လာသည့် စွဲချက်တစ်ရပ်ရပ်ကို ခုခံချေပရာ ရောက်သည်။

(ဃ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို ပုဒ်မ ၄၅၂ ပါ ပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ခြင်း မရှိစေဘဲ ကျင့်သုံးဆောင်ရွက်ရမည်။

**အထွေထွေပြစ်မှုများ**

**အထွေထွေ ပြစ်ဒဏ်ဆိုင်ရာ ပြဋ္ဌာန်းချက်များ**

၄၅၇။(က) ကုမ္ပဏီအပါအဝင် တစ်ဦးတစ်ယောက်သည် -

(၁) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ဆောင်ရွက်ခြင်းမပြုရန် တားမြစ်ထားသည့် ပြုလုပ်မှု သို့မဟုတ် အကြောင်းကိစ္စတစ်ရပ်ရပ်ကိုဆောင်ရွက်လျှင် သို့မဟုတ်

(၂) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ဆောင်ရွက်ရန် လိုအပ်သည့် သို့မဟုတ် ညွှန်ကြားထားသည့်ပြုလုပ်မှု သို့မဟုတ် အကြောင်းကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း မပြုလျှင် သို့မဟုတ်

(၃) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို အခြားနည်းတစ်ရပ်ရပ်ဖြင့် ဆန့်ကျင်ဆောင်ရွက်လျှင်၊

ဤဥပဒေပါ အဆိုပါပြဋ္ဌာန်းချက် သို့မဟုတ် အခြားသောပြဋ္ဌာန်းချက်များက ထိုသူသည် ပြစ်မှုတစ်ရပ်အရ အပြစ်မရှိကြောင်း ပေါ်ပေါက်ခဲ့ခြင်းမရှိလျှင် ဤပုဒ်မခွဲအရ ပြစ်မှုတစ်ရပ်ကို ကျူးလွန်ရာရောက်သည်ဟု မှတ်ယူရမည်။

(ခ) တစ်ဦးတစ်ယောက်သည် ပုဒ်မခွဲ (က)အရဖြစ်စေ၊ အခြားပြဋ္ဌာန်းချက်များအရဖြစ်စေ ဤဥပဒေအရ ပြစ်မှုတစ်ရပ်နှင့်ပတ်သက်၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပြစ်မှုနှင့် သက်ဆိုင်သည့်ပြစ်ဒဏ်ထက်မပိုသော ပြစ်ဒဏ်တစ်ရပ်ကိုကျခံရမည်။

(ဂ) ဤဥပဒေပါ သီးခြားပြဋ္ဌာန်းချက်တစ်ရပ်ကို ဆန့်ကျင်ဆောင်ရွက်မှုအတွက် သက်ဆိုင်သော ပြစ်ဒဏ်ကို ဤပုဒ်မမှတစ်ပါး ဤဥပဒေ၏ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်တွင် သီးခြားပြစ်ဒဏ်၊ ငွေဒဏ် သို့မဟုတ် အခြားပြစ်ဒဏ်တစ်ရပ်အဖြစ် သတ်မှတ်ဖော်ပြထားလျှင် အဆိုပါ ဆန့်ကျင်ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသည့် ပြစ်မှုအတွက် သက်ဆိုင်သည့် ပြစ်ဒဏ်သည် သီးခြားသတ်မှတ်ဖော်ပြထားသော ပြစ်ဒဏ် ဖြစ်သည်။

**စီရင်ပိုင်ခွင့်နယ်မြေအတွင်း အချို့တစ်ဝက်ကျူးလွန်ပြီး စီရင်ပိုင်ခွင့်နယ်မြေ ပြင်ပတွင် အချို့တစ်ဝက် ကျူးလွန်သော ပြစ်မှုများ**

၄၅၈။အကယ်၍-

(က) တစ်ဦးတစ်ယောက်သည် တားမြစ်ထားသည့် ပြုလုပ်မှုတစ်ရပ်ကို နိုင်ငံတော်၏ ပြင်ပတွင် ဆောင်ရွက်ခဲ့လျှင် သို့မဟုတ် ဆောင်ရွက်ရမည့် ပြုလုပ်မှုတစ်ရပ်ကို နိုင်ငံတော်၏ ပြင်ပတွင် ပျက်ကွက်ခဲ့လျှင်၊

(ခ) အဆိုပါ ပြုလုပ်မှုအတိုင်း နိုင်ငံတော်အတွင်း ဆောင်ရွက်ခဲ့ခြင်း သို့မဟုတ် ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ခြင်းတို့ဖြင့် ထိုသူသည် နိုင်ငံတော်အတွင်း ပြုလုပ်မှုတစ်ရပ်ကို ဆောင်ရွက်ခဲ့သကဲ့သို့ သို့မဟုတ် ဆောင်ရွက်ရန် ပျက်ကွက်ခဲ့သကဲ့သို့ ဤဥပဒေနှင့် ဆန့်ကျင်သည့် ပြစ်မှုကိုကျူးလွန်လျှင် ထိုသူသည် အဆိုပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်ဒဏ်ထိုက်သင့်သည်။

**ပြစ်မှုများကို ဆက်လက်ကျူးလွန်ခြင်း**

၄၅၉။(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်းတွင် ဖြစ်စေ၊ သတ်မှတ်ထားသည့် အချိန်ကာလမတိုင်မီတွင်ဖြစ်စေ ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ရန်လိုအပ်ပြီး အဆိုပါအချိန်ကာလအတွင်းတွင်ဖြစ်စေ၊ အဆိုပါ အချိန်ကာလ မတိုင်မီတွင်ဖြစ်စေ ထိုပြုလုပ်မှုကိုဆောင်ရွက်ရန် ပျက်ကွက်ခြင်းသည် ပြစ်မှုတစ်ရပ်ရပ်ဖြစ်လျှင် အဆိုပါ အချိန်ကာလအတွင်းတွင်ဖြစ်စေ၊ အဆိုပါအချိန်ကာလမတိုင်မီတွင် ဖြစ်စေ ထိုပြုလုပ်မှုကို ဆောင်ရွက်ခြင်းမပြုလျှင် အောက်ပါအတိုင်း ဖြစ်ရမည်-

(၁) ပြုလုပ်မှုကို ဆောင်ရွက်ရမည့်တာဝန်ကို အဆိုပါအချိန်ကာလကုန်ဆုံးသွားပြီး

**စာမျက်နှာ ၁၆ သို့**

# ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈) ပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ဍ) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်သူတို့က စစ်ဆေးထားသည့် ပုဂ္ဂလိကလုပ်ငန်းများ၏ စာရင်းများတွင် နိုင်ငံတော်သို့ ပေးဆောင်ရမည့် အခွန်အခများနှင့် စပ်လျဉ်း၍ လိုအပ်ပါက စစ်ဆေးခြင်း၊

(ဎ) စာရင်းစစ်ဆေးရေးလုပ်ငန်းများနှင့်စပ်လျဉ်းသော လိုအပ်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခြင်း၊

(ဏ) မိမိ၏ ဆောင်ရွက်ချက်များနှင့် စစ်ဆေးတွေ့ရှိချက်များကို နိုင်ငံတော် သမ္မတထံသို့ တင်ပြသည်နှင့်တစ်ပြိုင်တည်း ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း၊

(တ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကို စစ်ဆေးရန် ပြည်ထောင်စုလွှတ်တော်က တာဝန်ပေးအပ်လာလျှင် စစ်ဆေး၍ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း၊

(ထ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့တွင် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေနှင့်ဆက်စပ်ဆောင်ရွက်သော ကြွေးမြီ၊ အပ်ငွေ၊ ယာယီ စသည့်စာရင်းများဆိုင်ရာ ရငွေနှင့်ပေးငွေစာရင်းများကို စစ်ဆေးခြင်း၊ ယင်းရငွေနှင့် ပေးငွေများကို တာဝန်ရှိသူများက စနစ်တကျ ကြီးကြပ်မှု၊ ထိန်းချုပ်မှု၊ ကွပ်ကဲမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊

(ဒ) ဥပဒေအရ စစ်ဆေးခြင်းခံရမည့် အဖွဲ့အစည်းအသီးသီးတွင် ဌာနတွင်း စာရင်းစစ်အဖွဲ့များ ဖွဲ့စည်းထားမှု ရှိ၊ မရှိနှင့် ထိုအဖွဲ့များသည် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများက သတ်မှတ်ပေးထားသော လုပ်ငန်းစဉ်၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းများကိုဆောင်ရွက်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊

(ဓ) ဥပဒေအရ စစ်ဆေးခံရမည့် အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းများကို စစ်ဆေးရာတွင် ဥပဒေအရ အရေးယူသင့်သည်ဟုယူဆသော ကိစ္စများကိုတွေ့ရှိပါက စစ်ဆေးတွေ့ရှိချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးထံ ပေးပို့ရမည့်အပြင် ယင်း၏ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်ထံ ပေးပို့ခြင်း၊

(န) အဖွဲ့အစည်းတစ်ရပ် သို့မဟုတ် လုပ်ငန်းတစ်ခုကို စစ်ဆေးရာတွင် ယင်းအဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းခွင်အလိုက် လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာ ဆုံးရှုံးမှု၊ အလွဲသုံးစားပြုမှုများ လောလောဆယ်ဖြစ်ပေါ်နေခြင်းကို ချက်ချင်းရပ်တန့်တားဆီးရန် လိုအပ်သည်ဟု ယူဆပါက-

(၁) သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးထံ ချက်ချင်း အကြောင်းကြားပြီး ယင်း၏ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်ထံ အကြောင်းကြားခြင်း၊

(၂) သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးက အရေးယူဆောင်ရွက်မှုမရှိလျှင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့်သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံ အစီရင်ခံတင်ပြခြင်း။

(ပ) (၁) ဥပဒေအရ စစ်ဆေးခံရမည့် အဖွဲ့အစည်းများ၊ ရုံးများ၊ လုပ်ငန်းခွင်များ၊ စက်ရုံများ စသည်တို့၏ ဥပစာများ၊ အဆောက်အဦများအတွင်းသို့ ဝင်ရောက်စစ်ဆေးခြင်း၊

(၂) ဥပဒေအရ စစ်ဆေးခံရမည့် အဖွဲ့အစည်းများ၊ ရုံးများ၊ လုပ်ငန်းခွင်များ၊ စက်ရုံများတွင်ရှိသော စီမံကိန်းများ၊ စီမံချက်များ၊ လုပ်ကိုင်ပုံနည်းစနစ်များ၊ စာချုပ်စာတမ်းများ၊ လူစာရင်းများ၊ ငွေစာရင်းများ၊ ပစ္စည်းစာရင်းများ၊ အစီရင်ခံစာများ၊ စာရင်းစာအုပ်များ၊ ပြေစာများနှင့် အခြားအထောက်အထား စာရွက်စာတမ်းများကို တောင်းခံစစ်ဆေးခြင်း၊

(၃) ပုဒ်မခွဲငယ် (၂) တွင် ဖော်ပြထားသော စာရွက်စာတမ်းများကို တောင်းခံရာတွင် မူရင်းအတိုင်းဖြစ်စေ၊ မိတ္တူကူး၍ဖြစ်စေ၊ အီလက်ထရွန်နစ် နည်းစနစ်ဖြင့် ဖြစ်စေ သက်ဆိုင်ရာအဖွဲ့အစည်းများက ပေးပို့စေခြင်း၊

(၄) စစ်ဆေးချက်များနှင့်ပတ်သက်၍ တွေ့ရှိသည့်သက်သေခံပစ္စည်းများ၊ စာရွက်စာတမ်းများ၊ အသံဖိုင်များ၊ အီလက်ထရွန်နစ်ဆိုင်ရာမှတ်တမ်းများကို သက်သေခံအဖြစ် ထိန်းသိမ်းခြင်း၊

(၅) စစ်ဆေးရေးအတွက် သက်ဆိုင်ရာပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းခြင်း၊ ထွက်ဆိုချက်များရယူခြင်း၊

(၆) စစ်ဆေးရေးအတွက် လိုအပ်ပါက ကျွမ်းကျင်သူ ဝန်ထမ်းများ၏ အကူအညီကို လုပ်ငန်းအလိုက်ဖြစ်စေ၊ ကာလအပိုင်းအခြားအားဖြင့်ဖြစ်စေ သက်ဆိုင်ရာ အဖွဲ့အစည်း၏ သဘောတူခွင့်ပြုချက်ဖြင့် ရယူခြင်း။

(ဖ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ အခြားငွေရေးကြေးရေးကိစ္စနှင့်စပ်လျဉ်းသော စာရင်းများကို လိုအပ်ပါက စစ်ဆေးခြင်း၊

(ဗ) နိုင်ငံပိုင် ရေ၊ မြေ၊ လေ၊ သယံဇာတများကို အသုံးပြု၍ အကျိုးခံစားခွင့်ပေးသည့် စာချုပ်ပုံစံအမျိုးမျိုး၊ နည်းစနစ် အမျိုးမျိုးဖြင့် အစိုးရနှင့်ဆောင်ရွက်သည့် ဖက်စပ်လုပ်ငန်းများ၏ လုပ်ငန်းနှင့် စာရင်းများကို လိုအပ်ပါက စစ်ဆေးခြင်း၊

(ဘ) ပြည်တွင်းကဖြစ်စေ၊ ပြည်ပကဖြစ်စေ ချေးယူငွေများ၊ ပြည်တွင်းသို့ဖြစ်စေ၊ ပြည်ပသို့ ဖြစ်စေ ထုတ်ချေးငွေများ၊ အတိုးပေးငွေ၊ အတိုးရငွေများနှင့် ပတ်သက်၍ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊

(မ) ရရန်ရှိငွေနှင့် ပစ္စည်းများ၊ ပေးရန်ရှိငွေနှင့် ပစ္စည်းများ ပြည့်စုံမှန်ကန် တိကျစွာ ဖော်ပြခြင်း ရှိ၊ မရှိနှင့် သတ်မှတ်ချက်များနှင့် အညီ စာရင်းရှင်းလင်းဆောင်ရွက်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊

(ယ) နိုင်ငံတော်သမ္မတက ဥပဒေနှင့်အညီ ပေးအပ်သည့် အခြားတာဝန်များ ထမ်းဆောင်ခြင်း၊

(ရ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်သောအခြားတာဝန်များ ထမ်းဆောင်ခြင်း။"

၄။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၃။ ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ပုဒ်မ ၁၁ နှင့် ပုဒ်မ ၁၂ တို့အရ မိမိအား အပ်နှင်းထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဒုတိယစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်၊ စာရင်းစစ်ရုံးအဆင့်ဆင့်ရှိ စာရင်းစစ်အရာရှိများနှင့် မိမိကတာဝန်ပေးသော အဖွဲ့ငယ်များ၊ ဝန်ထမ်းများ၊ ပုဂ္ဂိုလ်များအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။"

၅။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၂၅ တွင်-

(က) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (ဃ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ အရအသုံးစာရင်းများနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကို စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ်တင်ပြခြင်းနှင့် ထူးခြားသော အခြေအနေတွင် အခါအားလျော်စွာ တင်ပြခြင်း၊

(ဂ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများသည် ပြည်သူတို့အတွက် အမှန်တကယ် အကျိုးသက်ရောက်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊

(ဃ) မိမိ၏ ဆောင်ရွက်ချက်များနှင့် စစ်ဆေးတွေ့ရှိချက်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ထံသို့ အစီရင်ခံတင်ပြသည်နှင့် တစ်ပြိုင်တည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း၊"

(ခ) ပုဒ်မခွဲ (င) ၏နောက်တွင် ပုဒ်မခွဲ (စ)၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲ (ဈ) နှင့် ပုဒ်မခွဲ (ည) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ပြီး မူလဥပဒေ ပုဒ်မခွဲ(စ)ကို ပုဒ်မခွဲ(ဋ) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်-

"(စ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများကို စစ်ဆေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က တာဝန်ပေးအပ်လာလျှင် စစ်ဆေး၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း၊

(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ အခြားငွေရေးကြေးရေးကိစ္စနှင့် စပ်လျဉ်းသော စာရင်းများကို လိုအပ်ပါက စစ်ဆေးခြင်း၊

(ဇ) နိုင်ငံပိုင် ရေ၊ မြေ၊ လေ၊ သယံဇာတများကို အသုံးပြု၍ အကျိုးခံစားခွင့်ပေးသည့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့်စာချုပ်ပုံစံအမျိုးမျိုး၊ နည်းစနစ်အမျိုးမျိုးဖြင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်သည့် လုပ်ငန်းများ၏လုပ်ငန်းနှင့်စာရင်းများကို လိုအပ်၍တာဝန်ပေးလာပါက စစ်ဆေးခြင်း၊

(ဈ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေနှင့် ဆက်စပ်ဆောင်ရွက်သော ကြွေးမြီ၊ အပ်ငွေ၊ ယာယီစသည့် စာရင်းများဆိုင်ရာ ရငွေနှင့်ပေးငွေစာရင်းများကို စစ်ဆေးခြင်း၊ ယင်းရငွေနှင့်ပေးငွေများကို တာဝန်ရှိသူများက စနစ်တကျ ကြီးကြပ်မှု၊ ထိန်းချုပ်မှု၊ ကွပ်ကဲမှု ရှိ၊ မရှိစစ်ဆေးနိုင်ရန် စာရင်းစစ်အရာရှိများအား တာဝန်ပေးအပ်ခြင်း၊

(ည) ရရန်ရှိငွေနှင့် ပစ္စည်းများ၊ ပေးရန်ရှိငွေနှင့် ပစ္စည်းများ ပြည့်စုံမှန်ကန်တိကျစွာ ဖော်ပြခြင်း ရှိ၊ မရှိ နှင့် သတ်မှတ်ချက်များနှင့်အညီ စာရင်းရှင်းလင်းဆောင်ရွက်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊"

၆။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၃၄ တွင်-

(က) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများသည် ပြည်သူတို့အတွက် အမှန်တကယ်အကျိုးသက်ရောက်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊"

(ခ) ပုဒ်မခွဲ (ဃ) ၏ နောက်တွင် ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေနှင့် ဆက်စပ်ဆောင်ရွက်သော ကြွေးမြီ၊ အပ်ငွေ၊ ယာယီ စသည့် စာရင်းများဆိုင်ရာ ရငွေနှင့်ပေးငွေစာရင်းများကို စစ်ဆေးခြင်း၊ ယင်းရငွေနှင့်ပေးငွေများကို တာဝန်ရှိသူများက စနစ်တကျ ကြီးကြပ်မှု၊ ထိန်းချုပ်မှု၊ ကွပ်ကဲမှု ရှိ၊ မရှိ စစ်ဆေးခြင်း။"

၇။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၃၆ ၏နောက်တွင် ပုဒ်မ ၃၆-က၊ ပုဒ်မ ၃၆-ခ နှင့် ပုဒ်မ ၃၆-ဂ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၆-က။ ဥပဒေအရ စစ်ဆေးခြင်းခံရမည့် အဖွဲ့အစည်းအသီးသီးတို့သည် နှစ်စဉ် ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် ရက်ပေါင်း ၉၀ အတွင်း ဝန်ထမ်းအင်အားစာရင်း၊ ငွေစာရင်း၊ ကုန်ပစ္စည်း စာရင်းအပါအဝင် နှစ်ချုပ်စာရင်းများကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် စာရင်းစစ်ရုံး အဆင့်ဆင့်သို့ ပေးပို့ရမည်။

၃၆-ခ။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် စာရင်းစစ်ရုံးအဆင့်ဆင့်တို့၏ အစီရင်ခံစာအရ ဝန်ထမ်းများအား အရေးယူသည့်အခါတွင် ပဏာမစုံစမ်းမှုကို ပြန်လည်ပြုလုပ်ခြင်းမပြုဘဲ စာရင်းစစ်ရုံးအဆင့်ဆင့်တို့၏ စစ်ဆေးတွေ့ရှိချက်ကို စွဲချက်တင်ရန် အထောက်အထားတစ်ရပ်အဖြစ်မှတ်ယူ၍ ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှုကို ဆက်လက်ပြုလုပ်ရမည်။

၃၆-ဂ။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် စာရင်းစစ်ရုံးအဆင့်ဆင့်တို့၏ စစ်ဆေးရေးလုပ်ငန်းများထိရောက်စွာ ဆောင်ရွက်နိုင်စေရန်အလို့ငှာ သက်ဆိုင်ရာအဖွဲ့အစည်းများ သို့မဟုတ် လုပ်ငန်းမှ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ရမည်။"

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။**

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

---

**စာမျက်နှာ ၁၅ မှ**

နောက်တွင်သော်လည်းကောင်း၊ အဆိုပါ အချိန်ကျော်လွန်သွားသည့်အခါတွင် သော်လည်းကောင်း ထိုသို့ပြုလုပ်မှုကို ဆောင်ရွက်ရန် ပျက်ကွက်မှုနှင့် စပ်လျဉ်း၍ ပြစ်မှုတစ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသည်ဖြစ်စေ၊ မခံရသည်ဖြစ်စေ အဆိုပါ ပြုလုပ်မှုကို ဆောင်ရွက်ပြီးသည်အထိ ဆက်လက်ဆောင်ရွက်ရမည့်အပြင်

(၂) ပုဒ်မခွဲ (ဂ) ကိုလည်း လိုက်နာဆောင်ရွက်ရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ပြုလုပ်ရန် လိုအပ်သည့် ပြုလုပ်မှုတစ်ရပ်ကို ဆောင်ရွက်ရန်အတွက် အချိန်ကာလသတ်မှတ်ထားခြင်းမရှိဘဲ ထိုပြုလုပ်မှုကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်းသည် ပြစ်မှုမြောက်ပြီး ယင်းနှင့်စပ်လျဉ်း၍ ပြစ်မှုတစ်ရပ်ဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရသည့်အခါ အောက်ပါအတိုင်းဖြစ်ရမည်-

(၁) ပြစ်မှုထင်ရှားစီရင်ခြင်းခံရသော်လည်း ပြုလုပ်မှုကို ဆောင်ရွက်ရမည့်တာဝန်ကို အဆိုပါ ပြုလုပ်မှုကို ဆောင်ရွက်ပြီးသည်အထိ ဆက်လက်ဆောင်ရွက်ရမည့်အပြင်

(၂) ပုဒ်မခွဲ (ဂ) ကိုလည်း လိုက်နာဆောင်ရွက်ရမည်။

(ဂ) သတ်မှတ်ထားသည့် အချိန်ကာလ၌ ပြုလုပ်မှုအား ဆောင်ရွက်ရန် ပျက်ကွက်မှုနှင့် စပ်လျဉ်း၍ပြစ်မှုတစ်ရပ်ဖြင့် ပထမအကြိမ် ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး ထိုအချိန်ကာလ ပြီးဆုံးပြီးနောက်ပြုလုပ်မှုအား ဆောင်ရွက်ရန် ဆက်လက်ပျက်ကွက်နေလျှင် အောက်ပါအတိုင်းဖြစ်စေရမည် -

(၁) ပြုလုပ်မှုအား ဆောင်ရွက်ရန်ပျက်ကွက်မှုနှင့်စပ်လျဉ်း၍ ပြုလုပ်မှုကို ဆောင်ရွက်ရန် ပျက်ကွက်သည့် ကာလတစ်လျှောက် သို့မဟုတ် အဆိုပါ သတ်မှတ်ချိန်ကုန်ဆုံးပြီး နောက်ထပ်ပြစ်မှုနှင့် သက်ဆိုင်သည့်နေ့ရက်မတိုင်မီ ကာလတစ်လျှောက်အတွက် နောက်ထပ်ပြစ်မှုတစ်ရပ်ဖြင့် အပြစ်ရှိသည်၊ ၎င်းအပြင်

**ဆက်လက်ဖော်ပြပါမည်။**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကျင်းပသည့် ခရီးရှည်ကားမောင်းပွဲ မုံရွာမြို့သို့ ပြန်လည်ရောက်ရှိ

**မုံရွာ ဇန်နဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံခရီးသွားဈေးကွက်မြှင့်တင်ရေးအဖွဲ့ (MHTTR)တို့ ပူးပေါင်းကျင်းပသည့် ခရီးရှည်ကားမောင်းပွဲမှ မော်တော်ယာဉ်များ မုံရွာမြို့သို့ ဇန်နဝါရီ ၂၅ ရက် ညနေ ၄ နာရီက ပြန်လည် ရောက်ရှိခဲ့ကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးမှာ ခရီးသွားလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ စစ်ကိုင်းဇုန်၊ မုံရွာဇုန်၊ ကလေးဇုန်၊ ကသာဇုန်၊ ခန္တီးဇုန်၊ ရွှေဘိုဇုန်ဆိုပြီး ခရီးသွားဇုန် ခြောက်ဇုန်သတ်မှတ်ထားပါတယ်၊ မြို့ကြီး ခြောက်မြို့ကို မူတည်ပြီးတော့ ခရီးစဉ်တွေကိုအသေးစိတ်ရေးဆွဲထားပါတယ်၊ အခုလုပ်တဲ့အစီအစဉ်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ ခရီးသွားလုပ်ငန်းဈေးကွက်ကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ မြန်မာနိုင်ငံ ခရီးသွားဈေးကွက်မြှင့်တင်ရေးအဖွဲ့(MHTTR) နဲ့ ပူးပေါင်းပြီးတော့ ခရီးသွားလုပ်ငန်းကရတဲ့ ဝင်ငွေတွေကအမျိုးမျိုးပေါ့၊ ဟိုတယ်တွေတင်မကစားသောက်ဆိုင်လုပ်ငန်း၊ အမှတ်တရပစ္စည်းအရောင်းလုပ်ငန်းတွေ၊ ခရီးသွားပို့ဆောင်ရေးလုပ်ငန်းတွေ အားလုံးကို စီးဆင်းသွားတာဖြစ်တဲ့အတွက် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ပြည်သူတွေက အားလုံးပူးပေါင်းလုပ်ဆောင်ကြမယ်ဆိုရင် ခရီးသွားလုပ်ငန်းမြင့်တက်လာတာနဲ့အမျှ ဒေသနေပြည်သူတွေရဲ့ဘဝတွေလည်း တိုးတက်မြင့်မားလာမယ်လို့ယူဆပါတယ် "ဟု စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်သူဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြို့နယ်များရှိအထင်ကရနေရာများကို ဖော်ထုတ်ပြီး ခရီးသွားလုပ်ငန်းများဖော်ထုတ်လုပ်ဆောင်ရန်အတွက် ခရီးရှည်ကားမောင်းပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ရဲ့ရည်ရွယ်ချက်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးမှာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့ ရည်ရွယ်ပြီး ကားမောင်းခရီးစဉ်ကိုကျင်းပတာပါ၊ ကျွန်တော်တို့သွားခဲ့တဲ့ဒေသတွေကတော့ စစ်ကိုင်းမြို့ကနေ ရွှေဘို၊ လင်းနို့ဂူ၊ မန်လည်၊ ကသာဆင်စခန်းတွေကြည့်တယ်၊ တောတောင်ရေမြေသဘာဝ၊ ဗန်းမောက်၊ အင်းတော်ကနေ ကဒူး၊ ကနန်းဒေသ၊ ပင်လည်ဘူးမြို့နယ်က ပြန်ထွက်ပြီးတော့ ကောလင်း၊ ဝန်းသို၊ ကန့်ဘလူ မြို့နယ်က သဖန်းဆိပ်ဆည်ကြီးကို ဖြတ်ပြီးတော့ သွားခဲ့တယ်၊ ခရီးစဉ်တစ်လျှောက်မှာ သဘာဝအလှတရားတွေ၊ ရှေးဟောင်းယဉ်ကျေးမှုတွေ၊ လူမျိုးစုတွေကို ခရီးသွားလုပ်ငန်းနဲ့ မြှင့်တင်ပေးဖို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ ခရီးသွားလုပ်ငန်းတိုးတက်ဖြစ်ထွန်းပေါ်ပေါက်စေဖို့အတွက် ခရီးစဉ်ကိုမောင်းနှင်ခဲ့တာဖြစ်ပါတယ်"ဟု စစ်ကိုင်းတိုင်း ဒေသကြီးခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအဖွဲ့ဝင် ဦးကျော်စွာမင်းက ပြောသည်။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကျင်းပသည့် ခရီးရှည်ကားမောင်းပွဲ ခရီးစဉ်ကို ဇန်နဝါရီ ၂၀ ရက်မှ ၂၅ ရက်အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ကူးစက်နိုင်သောရောဂါများထက် မကူးစက်နိုင်သောရောဂါများဖြင့် သေဆုံးမှုနှုန်း များပြား

**ကမာရွတ် ဇန်နဝါရီ ၂၆**



မကူးစက်နိုင်သော ရောဂါများ(Non Communicable Diseases)နှင့် သက်ဆိုင်သော လူမှုရေးအဖွဲ့အစည်းများ၏ မဟာမိတ်အဖွဲ့ (NCD Alliance)ဖွဲ့စည်းနိုင်ရန်အတွက် ဒုတိယအကြိမ် ဆွေးနွေးပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ နံနက် ၉ နာရီက ကမာရွတ်မြို့နယ် ချင်းတွင်းလမ်းရှိ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းရုံးချုပ်၌ ကျင်းပရာ မဟာမိတ်အဖွဲ့အသီးသီးများမှ တာဝန်ရှိသူများက ဖွဲ့စည်းလုပ်ဆောင်ရန် ရည်ရွယ်ချက်များအား ဆွေးနွေးတင်ပြကြပြီး မြန်မာနိုင်ငံတွင် ကူးစက်နိုင်သော ရောဂါများထက် မကူးစက်နိုင်သော ရောဂါများဖြင့် သေဆုံးမှုနှုန်း များပြားလျက်ရှိကြောင်း ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာ သန်းစိန်က ပြောကြားသည်။

"မကူးစက်နိုင်တဲ့ ရောဂါတွေနဲ့ပတ်သက်ပြီး လူမှုရေးအဖွဲ့အစည်းတွေရဲ့ မဟာမိတ်ဖွဲ့စည်းခြင်း ဆွေးနွေးပွဲဖြစ်ပါတယ်၊ ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလမှာ မဟာမိတ်ဖွဲ့စည်းဖို့ ဘယ်လိုဆောင်ရွက်ရမလဲဆိုတာကို ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်၊ မြန်မာနိုင်ငံမှာ မကူးစက်နိုင်တဲ့ရောဂါတွေ ပိုပြီးအဖြစ်များလာတာကို တွေ့ရပါတယ်၊ ကမ္ဘာမှာလည်း မကူးစက်နိုင်တဲ့ရောဂါကြောင့် သေဆုံးတဲ့သူတွေ အများကြီးရှိပါတယ်၊ မကူးစက်နိုင်တဲ့ရောဂါတွေဟာ နှလုံး၊ အဆုတ်၊ သွေးတိုး၊ ဆီးချိုရောဂါတွေဖြစ်ပြီး ဒီရောဂါတွေနဲ့ အသက်ငယ်ငယ်ရွယ်ရွယ်မှာပဲ သေဆုံးတာ တွေ့ရပါတယ်၊ မကူးစက်နိုင်တဲ့ရောဂါတွေကို ကာကွယ်တားဆီးနိုင်မှသာလျှင် နိုင်ငံတော်အတွက် အကျိုးရှိမယ်ဆိုပြီးတော့ လုပ်ငန်းဆောင်ရွက်နေတာလည်း ရှိပါတယ်၊ လူမှုရေးအဖွဲ့အစည်းတွေစုပေါင်းပြီး မဟာမိတ်ဖွဲ့လုပ်ဆောင်တာဟာ တစ်ဦးတစ်ယောက်ချင်းလုပ်ဆောင်တာထက် ပိုကောင်းတယ်ဆိုတာ ကမ္ဘာမှာလည်း အတွေ့အကြုံရှိပြီးသားဖြစ်ပါတယ်၊ ဒါကြောင့် ဒီအဖွဲ့အစည်းကို ဖွဲ့စည်းလုပ်ဆောင်ခြင်းဖြစ်ပါတယ်"ဟု ဒေါက်တာ သန်းစိန်က ပြောသည်။

မြန်မာနိုင်ငံတွင် ကူးစက်နိုင်သောရောဂါများထက် မကူးစက်နိုင်သောရောဂါများသည် အဖြစ်များလျက်ရှိရာ သာမန်အားဖြင့် မကူးစက်နိုင်သောရောဂါများကြောင့် သေဆုံးမှုအား သိရှိသူနည်းပါးပြီး ရောဂါများ ဖြစ်ပွားရခြင်းသည် ဆေးလိပ်၊ ဆေးရွက်ကြီး၊ အရက်သောက်သုံးမှုကြောင့် အဖြစ်များလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဆိုင်ရာ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ စားသုံးမှုမမှန်ခြင်း၊ စားသုံးမှုမသန့်ရှင်းခြင်း၊ စားသုံးမှု လွန်ကဲခြင်း၊ အဆီအစိမ့်နှင့် ဆားစားသုံးမှုများပြားခြင်းတို့ကြောင့်လည်း ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

"အဓိကတော့ မဟာမိတ်ဖွဲ့တဲ့အခါ ဘယ်လိုဦးတည်ပြီး ဆောင်ရွက်မလဲဆိုတာကို အလေးထားပါတယ်၊ ဘယ်လိုဖွဲ့စည်းတည်ထောင်ပြီးလုပ်မလဲ၊ အားလုံးစုပေါင်းပြီးလုပ်မယ်ဆိုတဲ့ သဘောနဲ့လုပ်မလား၊ အဖွဲ့အစည်းတစ်ခုဖွဲ့စည်းပြီးလုပ်မလား၊ မြန်မာနိုင်ငံမှာဆိုရင်လည်း မကူးစက်နိုင်တဲ့ ရောဂါကိုတိုက်ဖျက်တဲ့ အဖွဲ့အစည်းတွေမျိုးစုံရှိပါတယ်၊ မကူးစက်နိုင်တဲ့ ရောဂါကို မြန်မာနိုင်ငံမှာ လူတွေအသိနည်းတယ်၊ ဒါတွေကို သိအောင်လုပ်ပေးရမယ်၊ ပြုစုကုသတဲ့ နေရာမှာ စောစောစီးစီးပြုစုကုသမယ်ဆိုရင် ပိုပြီးထိရောက်နိုင်တယ်၊ ရောဂါရှိလာရင် ဘယ်မှာကုသမလဲ ဒါတွေကိုလည်း လုပ်ပေးဖို့လိုပါတယ်၊ ဆေးကုသမှုတစ်ခုတည်းမဟုတ်ဘဲ ဘက်စုံကနေ တိုက်ဖျက်ရေးလုပ်ငန်းတွေလုပ်မှသာ အဆင်ပြေမှာဖြစ်တဲ့အတွက် မဟာမိတ်အဖွဲ့ဖွဲ့ပြီးတော့ ဆောင်ရွက်မှသာ အောင်မြင်နိုင်မှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ မဟာမိတ်အဖွဲ့ကို လူမှုရေးအဖွဲ့အစည်း အဖွဲ့ဝင် ၃၀ ဖြင့် ဖွဲ့စည်းဆွေးနွေးလျက်ရှိပြီး ပြည်သူများ၏ ကျန်းမာရေးအသိမြင့်မားစေရန် ရည်ရွယ်ကာ မကူးစက်နိုင်သည့် ရောဂါများအကြောင်း ပိုမိုသိရှိလာအောင် အသိပညာပေးလုပ်ငန်းများအား အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ရာ ဆွေးနွေးပွဲများကိုလည်း လစဉ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**အေးမင်းသူ**

# အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း ၄၅၀ ကျော်အတွက် လိုအပ်သည့်ငွေကြေးထောက်ပံ့မှုများအပြင် နည်းပညာဆိုင်ရာ ပံ့ပိုးမှုများကို ဒိန်းမတ်အစိုးရမှ အကူအညီပေးသွားမည်

**မရမ်းကုန်း ဇန်နဝါရီ ၂၆**

ဒိန်းမတ်အစိုးရမှ မြန်မာနိုင်ငံ၏ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ တိုးတက်စေရန် ရည်ရွယ်ဆောင်ရွက်သည့် Responsible Business Fund (RBF) စီမံကိန်းမှ တစ်ဆင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း ၄၅၀ ကျော်အတွက် လိုအပ်သည့် ငွေကြေးထောက်ပံ့မှုများ အပြင် နည်းပညာဆိုင်ရာ ပံ့ပိုးမှုများကို ဆောင်ရွက်ပေးသွားမည်ဟု သိရသည်။

ယင်းစီမံကိန်းအတွက် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးနှင့် မြန်မာ့စက်မှုဝန်ကြီးဌာန၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနတို့ ပူးပေါင်းဆောင်ရွက်ကြမည့် နှစ်ဦးသဘောတူလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၅ ရက်က မရမ်းကုန်းမြို့နယ် သလ္လာဝတီလမ်းရှိ အသေးစားနှင့်အလတ်စားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဌာနတွင် ပြုလုပ်ခဲ့သည်။

"ဒီစီမံကိန်းက ရရှိလာတဲ့ ထောက်ပံ့ကြေးနဲ့ ကျွန်မတို့မြန်မာနိုင်ငံမှာရှိတဲ့ SMEs တွေ၊ သူတို့ရဲ့ကုန်ပစ္စည်းတွေ တိုးတက်ထုတ်လုပ်လာနိုင်ဖို့၊ ပြီးတော့ တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့ စီးပွားရေးလုပ်ငန်းတွေ ဖြစ်လာဖို့ ရည်ရွယ်ပါတယ်"ဟု ဒေါ်အေးအေးဝင်း (ညွှန်ကြားရေးမှူးချုပ် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန စက်မှုဝန်ကြီးဌာန)က ပြောသည်။

မြန်မာနိုင်ငံတွင် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း ၉၀ ရာခိုင်နှုန်း ရှိပြီး မှတ်ပုံတင်ထားသည့် လုပ်ငန်းပေါင်း ခြောက်သောင်းကျော်ရှိသည်။ ယင်းတို့အနက်မှ စွမ်းအင်အလေအလွင့် လျော့နည်းစေခြင်း၊ ရေအရင်းအမြစ်အသုံးချမှု၊ စွန့်ပစ်ပစ္စည်းနှင့်အညစ်အကြေး အသုံးချမှု၊ ကျန်းမာရေးနှင့် လုံခြုံရေးလုပ်ငန်းစဉ်များ၊ အစားအသောက်ဘေးအန္တရာယ် ကင်းရှင်းရေး၊ ကြီးကြပ်ခြင်းနှင့်ကွပ်ကဲခြင်းနည်းပညာများ၊ လက်တွေ့နှင့်ပညာရပ်ဆိုင်ရာ နည်းပညာများစသည့် လုပ်ငန်းနယ်ပယ် ခုနစ်ခုမှ အနည်းဆုံး တစ်ခုခုနှင့်ကိုက်ညီသည့် လုပ်ငန်းများကိုသာ ထောက်ပံ့ငွေပေးအပ်ရန် ရွေးချယ်သွားမည် ဖြစ်သည်။

"အဓိက ကျွန်တော်တို့ ကူညီပေးချင်တဲ့ SME တွေက တီထွင်ဆန်းသစ်မှုရှိပြီးတော့ ပတ်ဝန်းကျင်အတွက်ကော မိမိကုမ္ပဏီအတွက်ပါ ကောင်းတဲ့လုပ်ငန်းမျိုးပါ" ဟု Mr.Peter Lysholt (သံအမတ်ကြီး မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံး) က ပြောသည်။

အဆိုပါ စီမံကိန်းကို မြန်မာနိုင်ငံတွင်း မှတ်ပုံတင်သွင်းထားသည့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများမှ လုပ်ငန်းရှင်များအနေဖြင့် လွတ်လပ်စွာ လျှောက်ထားယှဉ်ပြိုင်နိုင်သည်။ သတ်မှတ်ချက်အနေဖြင့် အမြဲတမ်း ဝန်ထမ်းဦးရေ ၆၀၀ ထက် မများသော အရေအတွက် သို့မဟုတ် ထည့်ဝင်ရင်းနှီးငွေ မြန်မာကျပ်ငွေ သိန်း တစ်သောင်းထက် မများသော ငွေကြေးဖြင့် လုပ်ကိုင်နေသော လုပ်ငန်းဖြစ်ရမည်။ လုပ်ငန်းသက်တမ်း အနည်းဆုံး နှစ်နှစ် ရှိရမည်။

အရက်၊ လောင်းကစား၊ ဆေးရွက်ကြီး၊ လက်နက်များနှင့် နိုင်ငံတကာမှ အသိမှတ်မပြုဘဲ ထုတ်ပယ်ထားသည့် လုပ်ငန်းများ လုပ်ကိုင်နေသူမဖြစ်ရ စသည့် အချက်ငါးချက်ဖြင့် ကိုက်ညီပါက လျှောက်ထားနိုင်ပြီး ရွေးချယ်ခံရပါကထောက်ပံ့ကြေးများ ရရှိနိုင်မည်ဖြစ်သည်။

ထောက်ပံ့ကြေးသည် တင်ပြလာသည့် စီမံကိန်း၏ ရာနှုန်းပြည့် ကုန်ကျငွေကို ပေးအပ်ခြင်း မဟုတ်ဘဲ လုပ်ငန်းနယ်ပယ်အလိုက် စီမံကိန်းကုန်ကျငွေ၏ ၆၅ ရာခိုင်နှုန်း မြန်မာကျပ်ငွေ သိန်း ၈၀၀ မှ ကုန်ကျငွေ၏ ၈၀ ရာခိုင်နှုန်း မြန်မာကျပ်ငွေ သိန်း ၄၀၀ ထိ ပေးအပ်မည်ဖြစ်ပြီး ကျန်ရာခိုင်နှုန်းမှ ကုန်ကျငွေများကိုမူ ရွေးချယ်ခံရသည့် လုပ်ငန်းရှင်ဘက်မှ ကြိုတင်ပေးသွင်းရမည် ဟု သိရသည်။

"ရာနှုန်းပြည့် မပေးဘဲ ကျန်တဲ့ ၃၅ ရာခိုင်နှုန်း၊ ၂၀ ရာခိုင်နှုန်းကို လုပ်ငန်းရှင်ဘက်က ကြိုတင်ပေးသွင်းထားရပါမယ်။ ဒီပမာဏကလည်း လုပ်ငန်းရှင်ဘက်က တကယ်အလုပ်လုပ်ချင်စိတ်ရှိလားဆိုတာကို ကျွန်တော်တို့ဘက်က သေသေချာချာ သိချင်တဲ့အတွက်ကြောင့်မို့ ထည့်ဝင်စေတာသာ ဖြစ်ပါတယ်" ဟု Secretariat အဖွဲ့ခေါင်းဆောင် Mr.Amarnath Reddy က ရှင်းပြသည်။

အဆိုပါ စီမံကိန်းသို့ လျှောက်ထားလိုသူများအနေဖြင့် အဆိုပြုလွှာများကို application@rbfmyanmar.com တွင် ရယူနိုင်ပြီး ပေးပို့လျှောက်ထားနိုင်ကာ လက်ရှိအချိန်တွင် အဆိုပြုလွှာတင်သွင်းထားသည့် လုပ်ငန်းပေါင်း ၁၉၀ ကျော်ရှိကြောင်း သိရသည်။

RBF ဖြင့် အဆိုပြုလွှာများတင်သွင်းရန် ဖိတ်ခေါ်ချက်ကို ၂၀၁၇ ခုနှစ် အောက်တိုဘာတွင် စတင်ခဲ့ပြီး လုပ်ငန်း ၁၈ ခုကို ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပြီး ဖြစ်သည်။ ၂၀၁၈ နှင့် လာမည့်၂၀၁၉ ခုနှစ်တွင် တစ်နှစ်လျှင် သုံးကြိမ်ဖြင့် ဖိတ်ခေါ်သွားမည်ဖြစ်သည်။

၂၀၁၇ ခုနှစ် အောက်တိုဘာတွင် RBF ဘုတ်အဖွဲ့ဝင်များမှ ရွေးချယ်ခဲ့သည့် လုပ်ငန်းနယ်ပယ်များမှာ Solar Photovoltaic (PV) စနစ်များ၊ စွမ်းအင်အလေအလွင့် လျော့နည်းစေရေး ပစ္စည်းကိရိယာများ၊ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆိုလာအခြောက်ခံအမိုးခုံးများ၊ အထည်ချုပ်လုပ်ငန်းများတွင် ကျန်းမာရေးနှင့်လုံခြုံရေးလုပ်ငန်းစဉ်များတိုးတက်မှု၊ အဖျော်ယမကာနှင့် ဆားထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ဆန်စပါးနှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်ခြင်းကဏ္ဍတွင် ရေဆိုးရေညစ်အသုံးချရေး စီမံကိန်းများအစရှိသည့် အမျိုးမျိုးသော စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း ၁၈ ခုကို ထောက်ပံ့ကြေးငွေ ပေးအပ်ခဲ့ခြင်းဖြစ်သည်။

**ခင်ဇာလီ**

# လက်တွေ့အသုံးချ ဆေးနည်းတို(ဆေးမြီးတို)များ(၄၉)





**ဆရာရှင့်၊ ကျီးပေါင်းရောဂါအတွက် လိမ်းဆေး၊ အုံဆေးတွေ ဝယ်ထားပါတယ်။ ကြပ်ထုပ်ထိုးရင် ပိုပြီး ထိရောက်တယ်။ သက်သာတယ်ဆိုတာ မှန်ပါသလား ရှင့်။ ဘယ်လိုမျိုး ကြပ်ထုပ်လုပ်သင့်တယ်ဆိုတာ ပြောပြပေးပါ ဆရာရှင့်။**

ကျီးပေါင်းက အရိုးအဆစ် နှစ်ခုကြားမှာ အစိုင်အခဲဖြစ်တဲ့ရောဂါမို့ လိမ်းဆေးအပြင် ကြပ်ထုပ်ထိုးပြီး လေ့ကျင့်ခန်း ပြုလုပ်တာတွေပါ တွဲဖက်ပြုလုပ်ပေးမှ ပျောက်ကင်းနိုင်ပါတယ်။ ကြပ်ထုပ်ကို ကိုယ်တိုင်ပြုလုပ်ချင်ရင် မိဿလင်အမှုန့်ဝယ် (ပရဆေးဆိုင် ကြိတ်ခိုင်းပါ) ချည်ထည်ပိတ်စကို တစ်ပေပတ်လည် ဖြတ်ပါ။ အတွင်းတစ်ထပ်၊ အပြင်တစ်ထပ် နှစ်ထပ်ထုပ်ပါ။ လူကြီးလက်သီးဆုပ် အရွယ်ဆိုရင် အတော်ပါပဲ။ တစ်လှည့်စီထိုးဖို့ နှစ်ထုပ်ပြုလုပ်ထားပါ။ ရေနွေးငွေ့နဲ့ အပူပေးပြီး ထိုးရပါတယ်။ အသားကို မလောင်အောင် မုန်ညင်းဆီ ဒါမှမဟုတ် နှမ်းဆီလိမ်းထားပြီးမှ ထိုးရင်ပိုကောင်းပါတယ်။ ကြပ်ထုပ်ထိုးခြင်းဖြင့် ကျီးပေါင်းတက်ခြင်းအပြင် အကိုက်အခဲရောဂါများပါ ပျောက်ကင်းစေနိုင်ပါတယ်။

**ဆရာခင်ဗျာ၊ ကျွန်တော့်အမေအတွက် မေးပါရစေ။ အသက်က ၅၉ နှစ်ပါ။ ညည အိပ်မပျော်ဘူး ဆရာ။ ဆေးခန်းပြလို့ အင်္ဂလိပ်ဆေးတွေပေးလည်း စစချင်း သုံးလေးရက်လောက်ပဲ အိပ်ပျော်ပြီး နောက်ပိုင်း အိပ်မပျော်ဘူးဆရာ။ စားသင့်တဲ့ ဆေးနည်း ဒါမှမဟုတ် ဓာတ်စာလေးတွေ ညွှန်ကြားပေးစေလိုပါတယ်။**

အိပ်ပျော်စေတတ်တဲ့ ဓာတ်စာတွေကတော့ ဧကရာဇ်ရွက်ကို သုပ်စားရင် အိပ်ပျော်စေပါတယ်။ ခွေးတောက်ရွက်ကို ရေနွေးဖြောပြီး ကြက်သွန်နီ ဆီသတ်ကြော်စားပါ။ လေသက်ပြီး အိပ်ပျော်စေပါတယ်။ ရှောက်သီးကို အမြွာထုတ်ပြီး သုပ်စားရင်လည်း အိပ်ပျော်စေပါတယ်။ ကြက်သွန်နီဥ ထက်ခြမ်းခွဲ ခြေဖဝါးပွတ်ပေးပါ။ ဒါမှမဟုတ် ကြက်သွန်နီဥ ပါးပါးလှီးပြီး ခြေဖဝါး အလယ်မှာကပ်ပတ်တီးစည်းအိပ်ရင် အိပ်ပျော်တယ်လို့ ရှေးဆရာကြီးတွေ ပြောပါတယ်။ အိပ်ပျော်စေတဲ့ ဆေးနည်းတွေကတော့ ရှောက်သီးအရည် (၃) ဇွန်း+ ပျားရည်(၁) ဇွန်းစပ်ပြီး ရေအေးနဲ့ဖျော်သောက်ပါ။ တိုင်းရင်းဆေး သုံးစွဲချင်တယ်ဆိုရင် ဆေးအမှတ် (၁၅) သည်းခြေဆေးနဲ့ ဆေးအမှတ် (၁၆) အပူငြိမ်းသွေးဆေးများကို နှစ်ပဲသား (ကော်ဖီဇွန်းငယ်တစ်ဇွန်း) ရေအေးနဲ့ ဖျော်ပြီးသောက်သုံးပေးရင် အိပ်ပျော်စေနိုင်ပါတယ်။

**ဆရာ၊ စအိုဘေးမှာ အနာဖုလေး ထွက်လာပြီး ပြည်ထွက်လို့ ပျောက်သွားလိုက်နဲ့ သုံးလေးရက်နေရင် ပြန်ဖြစ်လိုက်နဲ့ ဖြစ်နေပါတယ်။ ဂရင်ဂျီနာ ဖြစ်ချင်တာလို့ ပြောကြပါတယ်။ မခွဲမစိတ်ရဘဲ တိုင်းရင်းဆေးနဲ့ ပျောက်ချင်လို့ပါ။ ဘာဆေးသုံးရမလဲ ဆရာခင်ဗျာ။**

ဂရင်ဂျီနာပေါက်ရင် ဆားခါးကို ရေနွေးနဲ့ဖျော် ဝါဂွမ်းမှာဆွတ်ပြီး အနာဝမှာ ကပ်ပေးပါ။ လက်ဖက်အစိုနဲ့ ဆားခါးကိုနယ်ပြီး အနာဝမှာ ကပ်ပေးရင် မန်းရည်ထွက်ကျပြီး အနာကျက်လွယ်ပါတယ်။ ကုက္ကိုရွက်ထောင်း အနာဝမှာ ကပ်ပေး၊ အုံပေးပါ။ ကျားမနိုင်မြစ်သွေး အနာပတ်ချာလည်မှာ လိမ်းပါ။ အနာနက်ရှိုင်းရင် ကြက်မောက် ဆူးပြန်ပင်(ခေါ်) ကျွဲနှာခေါင်းချိတ်ပင် ပြာချပြီး ပျားရည်နဲ့ရောမွှေ အနာတွင်းကို ဝါးသီးတံချောင်းနဲ့ ဝင်အောင်ထည့်ရင် အသားတက်ပြီး ပြန်မဖြစ်ပါ။ မကောင်းတဲ့ အနံ့အသက်နဲ့ ညှော်ရှောင်ဖို့ လိုပါတယ်။

**ဆရာခင်ဗျာ၊ ကျွန်တော်က အလုပ်ပြီးတဲ့အချိန် ည ၁၁ နာရီခွဲလောက် ရေချိုးလေ့ရှိပါတယ်။ ရေချိုးသင့်၊ မချိုးသင့် သိချင်ပါတယ် ဆရာ။ နောက်ပြီးတော့ အလုပ်လုပ်နေတဲ့ လူတစ်ယောက်က အနည်းဆုံး ဘယ်နှနာရီအိပ်ရင် လုံလောက်ပါသလဲ ဆိုတာ ဖြေကြားပေးပါဆရာ။**




အဖျားအနာရောဂါ ရှိသူတွေကလွဲလို့ ကျန်းမာနေသူတွေ ညအိပ်ရာဝင် ရေချိုးတာ အာရုံကြောတွေကို ပြေလျော့စေပါတယ်။ တချို့ အကျင့်ပါနေလို့ ရေမချိုးရရင် အိပ်မပျော်ပါဘူး။ ရာသီဥတုအေးရင်တော့ ရေနွေးစပ်ချိုးသင့်ပါတယ်။ ပုံမှန် အိပ်ချိန်ကတော့ အလုပ်လုပ်နေတဲ့ သူတွေအတွက် ၈ နာရီ လိုအပ်ပါတယ်။ အလုပ်များရင်တော့ အနည်းဆုံး ၅ နာရီ အိပ်သင့်ပါတယ်။ တစ်ပတ်တစ်ရက် နားရက်ရတဲ့အခါမှာ ၈ နာရီ အိပ်လိုက်ပါ။

**မင်္ဂလာပါ ဆရာရှင့်။ သမီးလည်ပင်းမှာ အကျိတ်သေးသေးလေးတွေ ထွက်နေပါတယ်ရှင့်။ အဲဒါ ဘယ်လိုမျိုး ဖြစ်နိုင်ပါသလဲ ဆရာ။**

ရိုးရိုးအကျိတ်၊ အပူအကျိတ်၊ တီဘီအကျိတ် အမျိုးမျိုးရှိပါတယ်။ တီဘီအကျိတ်က ကိုယ်ပူပြီး ညဘက် ဖျားတတ်ပါတယ်။ ဆရာဝန်နဲ့ သေချာစစ်ဆေးပြီး ကုသပါ။ ရိုးရိုး အကျိတ်ကို ဇာတိပ္ဖိုလ်သီး သွေးလိမ်းရင် ပျောက်နိုင်ပါတယ်။

**ဆရာခင်ဗျာ၊ ကျွန်တော် လွန်ခဲ့တဲ့လကစပြီး ဆီးသွားရင် အနည်အနှစ်တွေပါ ပါတယ်။ ဆရာဝန်ပြပြီး ဆီးစစ်တော့လည်း ဘာရောဂါမှ မတွေ့ပါဘူး ဆရာ။ အင်္ဂလိပ်ဆေးတွေလည်း သောက်ပါတယ်။ ကောင်းလိုက် နည်းနည်းပြန်ပါလိုက်ဖြစ်နေပါတယ်။ ဆရာရေးတဲ့ စာတွေမှာ ထိကရုံးဆူးပင် ပြုတ်သောက်ဖို့ ရေးထားတာ တွေ့ပါတယ်။ ကျွန်တော်တို့က ပြည်ပမှာ အလုပ်လုပ်တာမို့ ဒီအပင်ရဖို့ မလွယ်ပါဘူး ဆရာ။ တခြားနည်းလမ်းရှိရင် ညွှန်ပြပေးပါ။**

ကြက်သွန်နီဥထောင်း အရည်ညှစ် သံပရာသီး ဒါမှမဟုတ် သံပရိုသီး အရည်ညှစ် ရောစပ်သောက်ပါ။ (တစ်နည်း) သံပရာသီး မီးကင်အရည်ညှစ်ယူပါ။ ပျားရည်ဟင်းစားဇွန်း တစ်ဇွန်းရောစပ် သောက်ပါ။ ဆန်ဆေးရည်အကြည် ဖန်ခွက်တစ်လုံး မနက်စောစော နေ့စဉ်သောက်ပါ။ နိုင်ငံခြားမှာ ပြုလုပ်နိုင်တဲ့ လွယ်ကူတဲ့ ဆေးနည်းတို ပေးတာပါ။

**ဆရာခင်ဗျာ၊ ကျွန်တော် မကြာခဏ အာသီးရောင်ပါတယ်။ အခုတစ်ခါ ရောင်တာကို ပါးစပ်ဟပြီး ကြည့်တော့ အာသီးဘေးမှာ အဖြူရောင် အဖတ်လေးတွေ ရှိနေပါတယ်။ ဘယ်လိုလုပ်ရမလဲ လမ်းညွှန်ပေးပါ ဆရာ။**

ဆားရည် နွေးနွေးမှာ ပျားရည်တစ်ဇွန်း ထည့်ဖျော်ပြီး အာလုတ်ကျင်းပေးပါ။ စပါးကြီးသည်းခြေရနိုင်ရင် ရေအေး တစ်ဖန်ခွက်မှာ မီးခြစ်ဆံခေါင်းလောက် ထည့်ဖျော်ပြီး ငုံပေးရင် အာသီးရောင် ပျောက်တယ်လို့ ရှေးဆရာကြီးတွေ ပြောဖူးပါတယ်။

**ဆရာခင်ဗျာ၊ ကျွန်တော်က ကျောင်းဆရာပါ။ စာသင်ရင်းနဲ့ မကြာခဏ အသံဝင်လေ့ ရှိပါတယ်။ ဒီတစ်ခါ အသံဝင်တာ ရက်တော်တော် ကြာပါပြီ ဆရာ။ အသံထွက်စေနိုင်မယ့် ဆေးနည်းလေးတွေ သိလိုပါတယ်။**

ပြည်ပန်းညိုရွက်ထောင်း အရည်ညှစ် ဆားလှော် ထည့်သောက်ပါ။ ပြည်ပန်းညိုရွက်ဟင်းချိုချက်သောက်ပါ။ ကွမ်းရွက်နဲ့ ဆားကိုထုပ်ပြီး မီးဖုတ်ပါ။ အဲဒီပြာဆားကို သံပရာရည်နဲ့ ဖျော်လျက်ပါ။ ပျားရည်နဲ့ သံပရာရည် ဖျော်သောက်ပါ။ ငှက်ပျောအူတိုင်ကို ဆားရည်စိမ်ပြီး ပိုက်နဲ့ စုပ်သောက်ပါ။ ချင်းတက်ထောင်း အရည်ညှစ် တစ်ဇွန်း၊ ပျားရည်တစ်ဇွန်းစပ်သောက်ပါ။ ဇီရာရွက်၊ ပင်စိမ်းရွက်၊ ပျဉ်းတော်သိမ်ရွက်၊ စပါးလင်ရွက်တွေဟာ အသံဝင်ရောဂါနဲ့ သင့်တော်ပျောက်ကင်းစေပါတယ်။ သနပ်ခါးကို ဆားနဲ့ရောသွေး လျက်ပေးပါ လည်ပင်းလိမ်းပေးပါ။ ကျားမနိုင်မြစ်သွေး လည်ပင်းမှာ လိမ်းပါ။ အပူငုပ် အသံဝင်တာ သက်သာပါတယ်။ အသံဝင်တာကို ညအိပ်ခါနီး ခြေဖဝါးဆားပွတ် ဒူးအထက်ကနေအောက် ရေလောင်း ခြေဆေးပါ။ အပူနိုင်စေ ဖို့ မန်ကျည်းမှည့်ဖျော်ရည် သောက်အိပ်ပါ။ ဆီပါတဲ့ အစာ၊ ရေခဲရေ၊ အအေးဘူးတွေ အသံဝင်နေသမျှ ရှောင်ပါ။ ရေကျက်အေး ရေနွေးကြမ်း အဖန်ရည်မှာ ဆားလှော်သင့်ရုံ ထည့်သောက်ပါ။

**ဆရာ၊ ကျွန်တော့်အမေမှာ အသည်းရောင် ဘီပိုးရောဂါ ဖြစ်နေတာ ကြာပါပြီ။ အခု ဆေးဝါးတွေနဲ့ ကုသနေပေမယ့်လည်း အသည်းခြောက်စ ပြုလာတယ်လို့ သွေးစစ်ချက်အရ သိရပါတယ်။ အသက် ၇၄ နှစ် ရှိပြီမို့ အစားလည်း သုံးလေးဇွန်းထက် ပိုမစားပါဘူး။ ကျန်တဲ့ အာဟာရဖြစ်မယ့် အရည်တွေ တိုက်နေရပါတယ်။ ဆေးရုံတက်ခိုင်းပေမယ့်လည်း မတက်ချင်တာကြောင့် တိုင်းရင်းဆေးနည်းနဲ့ တစ်ဖက်တစ်လမ်းကနေ အထောက်အကူဖြစ်အောင် တိုက်ကျွေးလိုပါတယ်။ တိုင်းရင်းဆေးနည်းနဲ့ ပြန်ကျန်းမာ လာမယ်လို့ ယုံကြည်မိတာကြောင့် သင့်တော်မယ့် ဆေးနည်းလေးတွေ ညွှန်ပြပေးစေလိုပါတယ်။**

သခွတ်ပွင့်ခြောက် ရေနွေးဖြော အသုပ်ပြုလုပ်ကျွေးပါ။ မုန်လာဥနီထောင်း အရည်ညှစ် နွားနို့ပူပူ တစ်ခွက်မှာ ရောစပ်တိုက်ပါ။ ဖီးကြမ်းငှက်ပျောသီးမှည့် အခွံမှာ ကပ်နေတဲ့ အမြှေးကိုခြစ်ယူ ပျားရည်နဲ့ ရောစပ်ကျွေးပါ။ သဘော်ရွက်ထောင်း အရည်ညှစ် ဟင်းစားဇွန်း နှစ်ဇွန်း ပျားရည်တစ်ဇွန်း စပ်တိုက်ပါ (အင်္ဂလိပ်ဆေး သောက်နေရင် နှစ်နာရီခြားမှ တိုက်ပါ)။

**ဆရာ၊ တစ်ခုလောက် မေးခွင့်ပြုပါ။ သမီးအမေ ညအိပ်တဲ့ အခါတိုင်း ခါးထဲကနေ ပူတာ နှစ်နှစ် လောက်ရှိပါပြီ။ ဆေးခန်းပြတာ ဓာတ်မှန်ရိုက်ပြီး ခါးကျီးပေါင်းလို့ ပြောပါတယ်။ ကုသနေတာ မသက်သာလို့ ဆေးနည်းတွေ ညွှန်ပြပေးပါ ဆရာ။**

ခါးကျီးပေါင်း သက်သာအောင် မိဿလင်အမှုန့်ကို (ပရဆေးဆိုင်မှာဝယ် အမှုန့်ကြိတ်ခိုင်းပါ) ပိတ်စနဲ့ထုပ် ကြပ်ထုပ်ပြုလုပ်ပါ။ ပထမခါးမှာ မုန်ညင်းဆီ ဒါမှမဟုတ် နှမ်းဆီကို မီးအပူပေးပြီး ခပ်နွေးနွေးလိမ်းပါ။ ကြပ်ထုပ်ကို ရေနွေးငွေ့ခံပြီး ပူပူလေး ထိုးပေးပါ။ ညအိပ်ရာဝင်ခါနီးတိုင်း စိတ်ရှည်ရှည် ပြုလုပ်ပေးရင် ကျီးပေါင်းရောဂါ သက်သာ ပျောက်ကင်းနိုင်ပါတယ်။

**ကျွန်တော်တို့ အိမ်ထောင်သက် နှစ်နှစ်ရှိပါပြီ ဆရာ။ အခုထိ ကလေးမရသေးလို့ပါ။ မိန်းမ အူအတက်ပေါက်တုန်းက ဗိုက်ခွဲထားတာ တစ်နှစ်ကျော်နေပါပြီ ဆရာ။ ဆီးဖြူသီးစားရင် ကလေးရတယ်ဆိုတာ ဟုတ်ပါသလား ဆရာ။ ကျေးဇူးပြုပြီး ဖြေပေးပါ ဆရာ။**

ဆီးဖြူသီးက မိန်းမစားရတာပါ။ ယောကျ်ားက ခွေးလှေးယားစေ့ကို ထောပတ်နဲ့လှော် မနက်သုံးစေ့ ညသုံးစေ့စားပါ။ နဝင်းကျေအောင် မနက် သုံး၊ နေ့လယ် သုံး၊ ညနေ သုံး၊ ကိုးစေ့စားတဲ့သူ ကလေးရတာလည်း တွေ့ဖူးပါတယ်။

**ကျွန်တော် ပြည်ပရောက်နေတာပါ ဆရာ။ နံနက် မျက်နှာသစ်ရင် နှာခေါင်းထဲက သွေးခြောက်တွေ ထွက်တယ် ဆရာ။ ဆရာရဲ့ အတွေ့အကြုံနဲ့ ဆောင်ရန်၊ ရှောင်ရန်လေးတွေ ပြောပြပေးပါ ဆရာ။**

ဆားကိုသင့်ရုံ ရေအေးနဲ့ဖျော် လက်ခုပ်နဲ့ယူ နှာခေါင်းအတွင်း ရောက်အောင် ရှူသွင်းရပါတယ်။ ခပ်ပြင်းပြင်းလေး ရှူသွင်းပါ။ မာလကာရွက်ရရင် ရှူပေးပါ။ နှာခေါင်းသွေးယိုရင် နားနောက်က ချိုင့်လေးထဲ ရေခဲကပ်ပေးရင် ရပ်ပါတယ်။

**ဆရာ၊ ကျွန်တော့်ကို တစ်ခုလောက် မေးခွင့်ပြုပါ။ ကျွန်တော့်ဦးခေါင်းက စမ်းကြည့်လိုက်ရင် အလွန်ပူပါတယ်။ ဆံပင်လည်း ကျွတ်ပါတယ်။ ဘာလိမ်းလို့ ရပါသလဲ။ ဆံပင်ကျွတ် သက်သာမယ့် ဆေးနည်းပြောပြပေးပါ။**

ရှားစောင်းလက်ပပ်အနှစ်ကို ဦးခေါင်းအတွင်း စိမ့်ဝင်အောင်ပွတ်၊ ခဏကြာအောင်ထားပြီး တရော်ကင်ပွန်းနဲ့ ခေါင်းလျှော်ပါ။ ထောလပတ်ရွက်ကိုထောင်း အရည်ညှစ် အုန်းဆီနဲ့ရော ညအိပ်ရာဝင် လိမ်းအိပ်ပါ။ အပူ၊ အစပ်၊ အချဉ်လျှော့စားပါ။ ဦးခေါင်းငယ်ထိပ်ကို ပန်ကာလေ၊ အဲကွန်းအအေးဓာတ် တိုက်ရိုက် မထိတွေ့အောင် သတိပြုပါ။

**ဆရာရှင့်၊ သမီးအစ်ကိုမှာ ခြေဆစ်၊ လက်ဆစ်တွေ အမြဲလိုလို ကိုက်ခဲနေပါတယ်။ ဒူးခေါင်း အကွေးအဆန့်ဆို အရွတ်က အသံမြည်ပါတယ်။ လိမ်းဆေးတွေလည်း စုံနေပါပြီ။ မသက်သာလို့ ဆေးနည်းလေး ညွှန်ပြပေးပါ ဆရာ။**

ဆင်တုံးမနွယ် အမှုန့်နဲ့ တောင်မရိုးအခေါက်မှုန့် (ပရဆေးဆိုင်မှာဝယ် အမှုန့်ကြိတ်ခိုင်းပါ) ပျားရည် နဲ့ ရောမွှေ ဟင်းစားဇွန်း တစ်ဇွန်း နံနက်၊ ည စားပေးပါ။ လိမ်းဆေးအဖြစ် တောရှောက်မြစ်၊ ဝံအူမြစ်၊ လင်းနေမြစ်တို့ကို အမှုန့်ကြိတ်ပြီး ရေနွေးနဲ့ ဖျော်လိမ်းပါ။

**ကျွန်မအသက် ၇၅ နှစ်ရှိပါပြီ။ အစာအိမ်မကောင်းပါ။ ဗိုက်ပွပါသည်။ သွေးတိုးရှိပါသည်။ နှုတ်ခမ်းခြောက်၊ လျှာကွဲ၊ လျှာပူ၊ ရင်ပူ၊ ဝမ်းပူ၊ ခြေဖဝါးတွေ ပူပါသည်။ တစ်ခါတလေ ကျောပါပူပါသည်။ ပူလာလျှင် အထက်ကို ပူတတ်ပြီး မျက်စိပါနေမကောင်းပါ။ ရင်ခေါင်းမှာလည်း တင်းနေပါသည်။ ဖြစ်တာလည်း ကြာပါပြီ။ ဗိုက်ပွစာ စားလျှင် ပိုဖြစ်ပါသည်။ ဆေးနည်းလေးပြောပေးပါ ဆရာ။ ကျေးဇူးတင်ပါတယ် ဆရာ။**

အစာမကြေ လေပွရောဂါ။ ထမင်းဟင်းကို ပူပူနွေးနွေးစားပါ။ လေပွစာ (သခွားသီး၊ မုန်ညင်း၊ ကိုက်လန်၊ ပဲပြား၊ တိုဟူး စသည်များ) ရှောင်စားပါ။ ပဲဆီအစား နှမ်းဆီပြောင်းသုံးပါ။ ထမင်းဆီဆမ်း ဆားဖြူးစားလျှင် လေပွသက်သာပါတယ်။ ထမင်းစားပြီးတိုင်း ဖီးကြမ်းငှက်ပျောသီး၊ ထန်းလျက်ခဲ စားပေးလျှင် အစာကြေပါတယ်။ စားပြီးပြီးချင်း ရေမသောက်ပါနှင့်။ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် (၂) လေမျိုး ရှစ်ဆယ် ဆေးသည် လေရောဂါရှိသူများနှင့် သင့်တော်ပါတယ်။

# ထပ်ဆင့်ဝမ်းမြောက်အနုမောဒနာပြုခြင်း

သာသနာတော်ကြီး အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲစေရန်ရည်သန်၍ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့၊ သိမ်တောင်ပရိယတ္တိစာသင်တိုက်တွင် အဝီစိစက်ရေတွင်းကြီး (၁)တွင်း၊ ဓမ္မစကူးလ် (ဓမ္မဓောတိကမဉ္ဇူကျောင်းဆောင်) တည်ဆောက်ရေးအတွက် ကျပ်သိန်း-၁၇၈၉၊ ကံသာဦးတံတား ပြန်လည်တည်ဆောက်ရေးအတွက် ကျပ်သိန်း-၃၁၀၊ ကလေး(၅၀၀)ဦးအား အာဟာရဒါန ကျွေးမွေးရန်အတွက် ငွေပဒေသာပင်စိုက်ထူလှူဒါန်းငွေ ကျပ်သိန်း-၅၅၀၊ စုစုပေါင်း ကျပ်သိန်း-၂၆၄၉ (ကျပ်သိန်း-နှစ်ထောင့်ခြောက်ရာလေးဆယ့်ကိုးသိန်း)ကို စေတနာ သဒ္ဓါတရား ထက်သန်စွာ လှူဒါန်းခဲ့သော **ကမ္ဘောဇဘဏ်လီမိတက်** မှ ၂၀၁၆-၂၀၁၇ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် အများဆုံး ထမ်းဆောင်ခဲ့သော ကုမ္ပဏီများအနက် **"ပထမ"** နေရာမှ (၆)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ခြင်းအတွက် များစွာ ဂုဏ်ယူ ဝမ်းမြောက်ရပါသည်။

ကမ္ဘောဇဘဏ်၊ ကမ္ဘောဇအုပ်စုအနေဖြင့် လုပ်ငန်းများတိုးတက် အောင်မြင်၍ ဘာသာ၊ သာသနာအကျိုးနှင့် နိုင်ငံ့အကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ နိုင်ငံနှင့် ပြည်သူ့အကျိုးကို ပိုမိုသယ်ပိုး ထမ်းဆောင် နိုင်ပြီး မြန်မာပြည်သူ ပြည်သားများ အားကိုးအားထားရသော အောင်မြင်သည့် ထိပ်တန်းဘဏ်ကြီးအဖြစ် ထာဝရ ရပ်တည်နိုင်ပါစေကြောင်း ဝမ်းမြောက်ဝမ်းသာစွာ ဆုတောင်းမေတ္တာပို့သ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**သိမ်တောင်ပရိယတ္တိစာသင်တိုက်ဆရာတော် ဦးတေဇဝန္တ**
**သိမ်တောင်ပရိယတ္တိစာသင်တိုက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း**

# ထပ်ဆင့်ဝမ်းမြောက်အနုမောဒနာပြုခြင်း

သာသနာတော်ကြီး အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲစေရန်ရည်သန်၍ ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့၊ နောင်တောင်းပရဟိတတပ်ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအတွက် အဝီစိစက်ရေတွင်းကြီး (၂)တွင်း၊ ဆရာ/ဆရာမများ၊ ကျောင်းသူ/ကျောင်းသားများအတွက် အအေးဒဏ်ကာကွယ်နိုင်ရန် ခေါင်းစွပ်အနွေးထည်များနှင့် ဆန်အိတ်များကို စေတနာသဒ္ဓါတရား ထက်သန်စွာ လှူဒါန်းခဲ့သော **ကမ္ဘောဇဘဏ်လီမိတက်** မှ ၂၀၁၆-၂၀၁၇ အခွန်စည်းကြပ်နှစ် အတွက် တစ်နိုင်ငံလုံးတွင် **"ပထမ"** နေရာမှ (၆)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ခြင်းအတွက် များစွာ ဂုဏ်ယူဝမ်းမြောက်ရပါသည်။

ကမ္ဘောဇဘဏ်၊ ကမ္ဘောဇအုပ်စုအနေဖြင့် လုပ်ငန်းများတိုးတက်အောင်မြင်၍ ဘာသာ၊ သာသနာအကျိုးနှင့် နိုင်ငံ့အကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ နိုင်ငံနှင့် ပြည်သူ့အကျိုးကို ပိုမိုသယ်ပိုး ထမ်းဆောင်နိုင်ပြီး မြန်မာပြည်သူ ပြည်သားများ အားကိုးအားထားရသော အောင်မြင်သည့် ထိပ်တန်းဘဏ်ကြီးအဖြစ် ထာဝရ ရပ်တည်နိုင်ပါစေကြောင်း ဝမ်းမြောက်ဝမ်းသာစွာ ဆုတောင်းမေတ္တာပို့သ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**ဘဒ္ဒန္တရာစိန္ဒသိရီ (သာသနာ့ဓဇမ္မာစရိယ)**
**အဋ္ဌမဟာပရဟိတရေနှင့်တပည့်များ**
**နောင်တောင်းပရဟိတတပ်ဦးဘုန်းတော်ကြီးပညာရေးကျောင်း**

Forever Gems by ရွှေနန်းတော်
နိုင်ငံတကာအဆင့်မီ ရွှေနန်းတော် စိန်ရွှေရတနာဆိုင်

# Forever Gems By ရွှေနန်းတော်၊ နိုင်ငံတကာအဆင့်မီရွှေနန်းတော်စိန်ရွှေရတနာဆိုင်(၅)ဆိုင် (၇-၁-၂၀၁၈) မှကံထူးသူများ




| စဉ် | Prize | Lucky Draw Coupon No | Customer Name | Phone No | Address |
|---|---|---|---|---|---|
| 1 | ToyoTa Brand New (၁)စီး | 006097 | မခင်မင်ဆွေ | 09428163782 | တောင်ကြီး |
| 2 | ToyoTa Brand New (၁)စီး | 012773 | မိုးသူဖြူ | 0943121946 | ပုဗ္ဗတောင် |
| 3 | (၅) ကျပ်သား ရွှေဆွဲကြိုး | 012633 | ဒေါ်ခင်မာဝင်း | 09254352735 | စောင်းချမ်းသာ သန်လျင်မြို့ |
| 4 | (၅) ကျပ်သား ရွှေဆွဲကြိုး | 038975 | မယုယုလွင် | 09786651695 | အမှတ်(၁၁၁) ဦးထွန်းလမ်း ကျိုက်လတ်မြို့ |
| 5 | (၅) ကျပ်သား ရွှေဆွဲကြိုး | 127672 | မသီဖြူ | 09260201141 | အမှတ်(၇၇)ဓားမိနတ်လမ်း (၁၀)ရပ်ကွက် မအူပင်မြို့ |
